ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 23 April 2023 ၁၁၀၇၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဧပြီ ၂၁ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အောင်မြင်ကုန်းကျေးရွာရှိ လူနေအိမ် ၁၅၅ လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် တံတားဦးကျေးရွာရှိ လူနေအိမ် ၇၇ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံပြည်သူ ၁၁၃ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် သေဆုံးသူ ခြောက်ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဒဏ်ရာရပြည်သူများအား နီးစပ်ရာဆေးရုံများသို့ ဆေးကုသမှုခံယူနိုင်ရေး ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာ စာသင်ကျောင်းအား လိုက်လံကြည့်ရှုစဉ်။

ကြေးမုံ

လူမှုစီးပွားဘဝပြဿနာများကို လက်တွဲပူးပေါင်း၍ကာကွယ်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ခွင်၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းသည် ပုံမှန်ရာသီဥတုဖြစ်စဉ်မှ ပုံမှန်မဟုတ်သော အစွန်းထွက်ရာသီဥတုဖြစ်စဉ်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းမှာ သစ်တောသစ်ပင်များပြုန်းတီးလာခြင်းနှင့် စက်မှု၊ သိပ္ပံ၊ နည်းပညာ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခြင်းက အဓိကအကြောင်းရင်းဖြစ်သည်။

လက်ရှိတွင် အာရှနိုင်ငံအချို့၌ အပူချိန်များမြင့်တက်လျက်ရှိပြီး ရာသီဥတုဆိုင်ရာ ထူးခြားဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိသည်။ လူတို့၏ ပယောဂအမျိုးမျိုးကြောင့် အန္တရာယ်ရှိသော အခိုးအငွေ့များစွာတို့သည် လေထုအတွင်းသို့ ပျံ့နှံ့ခဲ့သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ ဓာတ်ငွေ့များကို စုပ်ယူပေးသော သစ်တောသစ်ပင်များပြုန်းတီးသွား၍ လေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်ခြင်းမရှိပေ။ ကျွန်ုပ်တို့၏ အာကာသဟင်းလင်းပြင်သည် ပုံမှန်အားဖြင့် မိုးသားတိမ်လိပ်တို့နှင့် ပြာလဲ့သော ကောင်းကင်ပြင်ကြီးအဖြစ် ရှုမျှော်မဆုံးဖြစ်ကာ သက်ရှိများကို အကျိုးပြုလျက်ရှိသည်။ ယခုအခါတွင် ညစ်ညမ်းသောလေထုများသည် ကောင်းကင်တစ်ခွင်လုံး ပြည့်နှက်နေပြီး ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များဖြစ်ပေါ်လာသည်။

အာရှတိုက်တွင် အပူချိန်များ ထူးခြားစွာမြင့်တက်မှုကြောင့် လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို ခံစားနေရသည်။ ပြီးခဲ့သည့်ရက်များက အိမ်နီးချင်းနိုင်ငံ၏ ဒေသတစ်ခု၌ နေ့အပူချိန်မြင့်တက်မှုကြောင့် လူအချို့မှာ အပူလျှပ်ခြင်း၊ အပူဒဏ်ကြောင့် မူးမော်ခြင်းနှင့်ဝေဒနာအမျိုးမျိုးတို့ ခံစားရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သည်။ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုနှင့် အပူရှိန်များမြင့်တက်မှုကြောင့် သတိပေးကာကွယ်ရေးပြုလုပ်နေသည်။ မြူမှုန်များကျဆင်းခြင်း၊ နေ့အပူချိန်များ မြင့်တက်ခြင်းကြောင့် မြူမှုန်များကာကွယ်ရေး၊ အပူဒဏ်ကာကွယ်ရေးတို့ကို သက်ဆိုင်ရာတို့က အဆက်မပြတ် သတိပေးနှိုးဆော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရသည်။

၂၀၂၂ ခုနှစ်ကုန်မှစတင်၍ မဲခေါင်ဒေသခွဲနိုင်ငံများတွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူငွေ့များ ပိုမိုဖြစ်ပေါ်လာသည်။ ၂၀၂၃ ခုနှစ် မတ်လကုန်တွင် မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် မီးခိုးမြူငွေ့ ညစ်ညမ်းမှုများဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပူပြင်းမှုကြောင့် တောမီးလောင်ကျွမ်းမှုများရှိခဲ့သည်။ အာဆီယံမှရရှိသောအချက်အလက်များအရ မီးခိုးမြူငွေ့များ သိပ်သည်းစွာဖြစ်ပေါ်မှုသည် လက်ရှိအချိန်အထိ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံတို့တွင် သိပ်သည်းစွာ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။ ထို့ကြောင့် ဒေသတွင်း၌ ဖြစ်ပေါ်နေသော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သုံးနိုင်ငံညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၇ ရက်နေ့က အွန်လိုင်းပေါ်တွင် နိုင်ငံ့ခေါင်းဆောင်များ ဆွေးနွေးခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့က ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လာရောက်တွေ့ဆုံ၍ မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည့်အပြင် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှုများနှင့် လက်နက်ကုန်သွယ်မှုများ ပပျောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် ကြုံတွေ့နေရသည့်ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူများ၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် ရှေ့လုပ်ငန်းစဉ်နှင့်အညီ အလေးထားလုပ်ဆောင်လျက်ရှိပြီး တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် အရေးကြီးသည့်အချက်တစ်ခုဖြစ်သည့် ရေပြင်၊ မြေပြင်၊ လေထုမသန့်ရှင်းမှုအမျိုးမျိုးပါဝင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ပါးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပြည်သူအားလုံး ခံစားရလျက်ရှိသည့် လေထုညစ်ညမ်းမှုနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးအကျိုးစီးပွားကိုရှေးရှု၍ ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝလုံခြုံရေးတို့ကို ပြည်သူများ လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

မုံရွာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာမှ ဒေသခံပြည်သူ ၆၅ ဦးတို့ကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာစာသင်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဆေးဝါးကုသမှုများဆောင်ရွက်

နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါမြို့နယ်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် သံဃာတော် ၈၆ ပါးနှင့် ဒေသခံပြည်သူ ၄၂ ဦးတို့ကိုလည်း တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၈၁၆၆ ပင် ပျိုးထောင်ထားရှိ

မိတ္ထီလာ မေ ၂၂

မိတ္ထီလာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၃ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၈၁၆၆ ပင် ပျိုးထောင်ထားရှိကြောင်း သိရသည်။

ပျိုးထောင်ထားရှိ

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၂၃ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် ပေါက်ချောင်းရပ်ကွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနရှိ ပျိုးဥယျာဉ်တွင် ယူကလစ်၊ တမာ၊ ဒဟတသဘော်ာကုက္ကို၊ မြန်မာကုက္ကို၊ ရင်းမာ၊ မယ်ဇလီ၊ ကျွန်း စသည့် ပျိုးပင်ပေါင်း ၈၁၆၆ ပင် ပျိုးထောင်ထားရှိသည်။ အဆိုပါ ပျိုးပင်များထဲမှ ကျေးရွာသုံးစိုက်ခင်း ဧက ၅၀ အတွက် ပျိုးပင်ပေါင်း ၃၃၇၅၀၊ အထူးစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းအတွက် ပျိုးပင် ၆၁၀၀၊ အခြားစိုက်ခင်း ၂၅ ဧကအတွက် ပျိုးပင်ပေါင်း ၃၇၈၁၁ ပင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘက်စုံသုံးစိုက်ခင်း တစ်ဧကအတွက် ပျိုးပင်ပေါင်း ၁၃၆၀၊ တစ်အိမ်ထောင် သစ်မာ ၂၀ အတွက် ပျိုးပင်ပေါင်း ၃၂၀၀၊ တစ်အိမ်ထောင်ကျွန်း သုံးပင်အတွက် ပျိုးပင်ပေါင်း ၃၄၅ နှင့် ပြည်သူ့ဗဟိုပြုစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၁၀၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အောင်မြင်ကုန်းကျေးရွာ လေ ဘေးသင့် ပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများနှင့် လေဘေးသင့်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်နှင့် လေဘေးသင့် ပြည်သူများကို တွေ့ဆုံအားပေး စကားပြောကြားကာ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အောင်မြင်ကုန်း ကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့်ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း အိမ်ရာကွက် စနစ်တကျပြန်လည် ဖော်ဆောင်၍ နေအိမ်များပြန်လည် တည်ဆောက်နေထိုင်နိုင်စေရေး အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် **စာမျက်နှာ ၄ သို့ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးရုံတက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူတစ်ဦးအား အားပေးစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀) ၌ ဆေးရုံတက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူတစ်ဦးအား အားပေးစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်၊ ကျေးရွာရှိ လေဘေးသင့် ပြည်သူများ လတ်တလောစားရေးအဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များကို ကူညီထောက်ပံ့ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား အလေးထား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)သို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာရှိ လူနေအိမ်များအား လိုက်လံကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)တွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူတစ်ဦးအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးမှုများကို နယ်မြေခံတပ်မတော်သားများက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ဘေးသင့်ပြည်သူများအား ထောက်ပံ့အားပေး

နေပြည်တော် မေ ၂၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ယမန်နေ့ ညနေပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကန်သာကျေးရွာအုပ်စု တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့၌ ပြိုကျပျက်စီးအိမ်ခြေ ၂၃၅ လုံး၊ သေဆုံး ခြောက်ဦး၊ ဒဏ်ရာရ ၁၁၃ ဦးနှင့် ဘေးသင့်သူ စုစုပေါင်း ၉၆၇ ဦး ထိခိုက်ခံစားခဲ့ရပြီး သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ ထိခိုက်ပျက်စီးခဲ့ရသည်။

ထောက်ပံ့ပေးအပ်

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများသည် ဖြစ်စဉ်ဖြစ်ပွားရာ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများသို့ သွားရောက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို စုစုပေါင်း အိမ်ထောင်စု ၂၃၅ စုအတွက် ထောက်ပံ့ပေးအပ်သည်။

အလားတူ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဦးဆောင်သော နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ တာဝန်ရှိသူများသည် အဆိုပါ ဘေးသင့်ပြည်သူများ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒက္ခိဏသီရိ မြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဒဏ်ရာရလူနာ ၃၄ ဦးတို့အတွက် အားဖြည့်အစားအစာများ၊ ထောက်ပံ့ကြေးငွေများ ပေးအပ်ထောက်ပံ့၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ကျေးရွာအတွက် လမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေး၊ သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးခြင်းနှင့် လျှပ်စစ်မီးနှင့် နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး နိုင်ငံတော်က ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိသူများသည် အဆိုပါ ဘေးသင့်ပြည်သူများ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဒဏ်ရာရလူနာ ၂၈ ဦးတို့အတွက် အားဖြည့်အစားအစာများ၊ ထောက်ပံ့ကြေးငွေများ ပေးအပ်ထောက်ပံ့၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာနိုင်ငံတော်က ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မိုးလုံလေလုံ အားကစားရုံအတွင်း အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဘေးသင့်ပြည်သူများအား ယာယီနေရာချထားနိုင်ရေး၊ တည်းခိုနေထိုင်စားသောက်ရေး အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သွားရောက်ကြည့်ရှုခဲ့ပြီး ဆောင်ရွက်ရမည့်အချက်များကို ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လယ်ဝေးမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား အလှူရှင်များက လှူဒါန်းသည့် ပစ္စည်းနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လေဘေးသင့်ခဲ့သည့် နေရာများသို့သွားရောက်၍ ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှုခံယူနေသည့် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံ၊ ဒက္ခိဏသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံနှင့် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံများသို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများကို ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ လေဘေးသင့်ပြည်သူများ နေထိုင်ရန် စီစဉ်ဆောင်ရွက်မည့် လယ်ဝေးမြို့နယ် အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကိုပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အားကစားကွင်း၌ ကျင်းပရာ လေဘေးသင့်အိမ်ထောင်စုများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ(30 Kg)ဆန်အိတ် ၉၀၊ ဆီ၊ ခေါက်ဆွဲထုပ်၊ အချိုရည်များကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆန်ခြောက်ပြည်အိတ် ၂၃၈ အိတ်၊ ခေါက်ဆွဲထုပ်နှင့် ကြက်ဥ၊ ရေသန့်ဘူးတို့ကို ဒုတိယဝန်ကြီး ဦးမြင့်စိုးက လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ထောက်ပံ့ပစ္စည်းပုံး ၂၅၅ ပုံးနှင့် ထောက်ပံ့ငွေကျပ် ၃၂၆၈၀၇၀၀ ကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ နေပြည်တော်ကောင်စီမှ ဆန်ခြောက်ပြည်အိတ် ၂၃၅ အိတ်၊ ဆီ ၅၀ သားဘူး ၂၃၅ ဘူး၊ ရေသန့်တစ်လီတာဘူး ၂၃၅ ကတ်နှင့် ကြက်ဥတို့ကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်တို့မှ ဆန် ၂၄ ပြည်အိတ် ၅၀ တို့ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ အလှူရှင်များမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀၀ ကျော်ကို အလှူရှင်များက လည်းကောင်း ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယနေ့ လေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက စုစုပေါင်း ပစ္စည်းတန်ဖိုးနှင့် အလှူငွေကျပ် သိန်း ၁၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့၌ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းဖွင့်ပွဲ ပြုလုပ်

နေပြည်တော် မေ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရွှေတိဂုံဘုရားလမ်းမှ သိမ်ဖြူလမ်းအထိ) အရှည် ပေ ၅၅၀၀၊ အကျယ် ပေ ၆၀ နှင့် အနော်ရထာလမ်း(သိမ်ဖြူလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိ)အရှည်ပေ ၅၅၀၀၊ အကျယ် ပေ ၆၀ လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းများ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ လမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန လမ်းနှင့်တံတား၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားတင်ပြ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း လမ်း (အောက်ရတနာလမ်းမှ အောက်ပုဇွန်တောင်လမ်းအထိ) စုစုပေါင်း အရှည် ပေ ၁၃၂၀၀(၂ မိုင် ၄ ဖာလုံ) ကို ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဘိုးဘွားတွေရဲ့ကောင်းမွေကို ဆက်ခံဖြန့်ဝေနိုင်တာ လူရည်ချွန်တွေပါ

ဒေါက်တာမောင်သင်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ လူရည်ချွန်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်တွင်စတင်ကာ သတ္တမတန်းမှ ဒသမတန်းအထိ ရွေးချယ်ခဲ့ပါသည်။ နောက်နှစ်များတွင် တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ကျောင်းသား ကျောင်းသူများကိုပါ တိုးမြှင့်ရွေးချယ်ခဲ့ပြီး လူရည်ချွန်စီမံကိန်းကို ၁၉၈၈ ခုနှစ်အထိ နှစ်စဉ်အကောင်အထည်ဖော်ခဲ့သည်။

စုစုပေါင်းလူရည်ချွန် ၇၉၀၈ ဦး ပေါ်ထွန်းခဲ့သည်။ လူရည်ချွန်ရွေးချယ်ရာတွင် ပညာရေးထူးချွန်မှုသာမက အားကစား၊ စာရိတ္တ၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူမှုရေးနှင့် ဝါသနာပါရာအသင်းအဖွဲ့လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုတို့ကိုပါ ထည့်သွင်းသတ်မှတ်ထားသည်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်တွင် ကျောင်းသင်ဘာသာရပ်များအပြင် အထွေထွေဗဟုသုတကို ရေးဖြေ ဖြေဆိုခြင်း၊ ကာယကြံ့ခိုင်စွမ်းရည် လက်တွေ့စစ်ဆေးခြင်း၊ လူတွေ့နှုတ်မေးစစ်ဆေးခြင်းတို့ ကျော်ဖြတ်ပြီးမှ အတန်းတစ်တန်းအတွက် **"ခရိုင်တစ်ခုလျှင် လူရည်ချွန်တစ်ဦးသာ"** ရွေးချယ်ခဲ့သည်။

ရွေးချယ်ခံရသူများကို နွေရာသီတွင် ငပလီ၊ အင်းလေးစခန်းများတွင် အပန်းဖြေစေပြီး ဒေသအလိုက် လေ့လာရေးခရီးများ သွားရောက်ရသည်။ ထို့နောက် လူရည်ချွန်အားလုံးသည် ရန်ကုန် စုပေါင်းစခန်းတွင် ပေါင်းဆုံကာ နိုင်ငံ့အကြီးအကဲများနှင့်တွေ့ဆုံခွင့်၊ ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာခွင့်များရရှိခဲ့သည်။ စခန်းကာလမှာ အစောပိုင်းနှစ်များတွင် တစ်လကြာမြင့်ခဲ့ပြီး နောက်ပိုင်းတွင် နှစ်ပတ်ခန့်သာကြာသည်။ တစ်နိုင်ငံလုံးရှိ ပြည်ထောင်စုတိုင်းရင်းသား ကျောင်းသား ကျောင်းသူအချင်းချင်းဆုံစည်းကြသည်။ ညီအစ်ကိုမောင်နှမရင်းများ သဖွယ် ချစ်ကြည်ရင်းနှီးဆုံတွေ့ကြသည်။

လူရည်ချွန်စခန်းများတွင် နိုင်ငံ့သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ တက္ကသိုလ်ဘာသာရပ်များ မိတ်ဆက်စသည့် ဟောပြောပွဲများ၊ အမေးအဖြေဆွေးနွေးပွဲများ၊ ဉာဏ်စမ်းပြိုင်ပွဲ၊ ကျပန်းစကားပြောပွဲများ၊ အားကစားပွဲများ၊ နိုင်ငံကျော်အားကစားသမားများ၊ အနုပညာရှင်များနှင့် တွေ့ဆုံပွဲများ စသည့်အစီအစဉ်မျိုးစုံပါဝင်သည်။ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ဆက်ဆံကြခြင်း၊ အများနှင့်စုပေါင်း၍ အသင်းအဖွဲ့လိုက် လှုပ်ရှားခြင်း အလေ့အကျင့်များရရှိကြသည်။

ယခင် လူရည်ချွန်စီမံကိန်း (၁၉၆၄ မှ ၁၉၈၈ ကာလ) (၂၅) ကြိမ်မှ ရွေးချယ်ခံလူရည်ချွန်များသည် ယနေ့အချိန်တွင် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်လုပ်ငန်းရှင်ကြီးများ၊ သာသနာ့ဝန်ထမ်းများ စသည်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အောင်မြင်စွာဖြတ်သန်းတာဝန်ယူနေကြသည်။ ၁၉၆၄ လူရည်ချွန်စီမံကိန်းစတင်သည့်နှစ် (၅၀) မြောက် ရွှေရတုနှစ်ဖြစ်သည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတစ်လွှားမှ လူရည်ချွန်ရွေးချယ်ခံခဲ့ရသူများကို စုစည်းကာ လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့အဖြစ် တရားဝင်ဖွဲ့စည်းထူထောင်ခဲ့သည်။

၁၉၆၄-၈၈ ခုနှစ်မှ လူရည်ချွန်ကြီးများ(အချို့)ကိုတွေ့ရစဉ်။

လူရည်ချွန်စီမံကိန်းသည် ပညာရေးဝန်ကြီးဌာနက ၂၀၁၂ - ၂၀၁၃ ပညာသင်နှစ်တွင် **"ဘက်စုံထူးချွန်ကျောင်းသား"** အမည်ဖြင့် ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် **"လူရည်ချွန်"** ဟူသည့် ယခင်အမည်ကိုပင် ပြန်လည်သုံးစွဲလာခဲ့သည်။ လူရည်ချွန်အပန်းဖြေစခန်းများကို ပုဂံ၊ ချောင်းသာနှင့်အင်းလေးဒေသများတွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ အပန်းဖြေစခန်းများသို့ လူရည်ချွန် (၁၉၆၄ - ၈၈) အဖွဲ့မှ လူရည်ချွန်ဟောင်းကြီးများကို ဖိတ်ကြားခဲ့သည်။ သို့ဖြစ်၍ လူရည်ချွန်ဟောင်းကြီးများက အဆိုပါ စခန်းများသို့သွားရောက်၍ မျိုးဆက်သစ်လူရည်ချွန်များနှင့်တွေ့ဆုံကာ အတွေ့အကြုံများဖလှယ်ခြင်း၊ ဂုဏ်ပြုဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

စာရေးသူအနေဖြင့် ၁၉၇၄ ခုနှစ်၌ မော်လမြိုင်ကောလိပ်ပထမနှစ်တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသောကြောင့် "လူရည်ချွန်ဟောင်း" အနေဖြင့် ပုဂံလူရည်ချွန်အပန်းဖြေစခန်းသို့ ၂၀၁၄ ခုနှစ်မှ စတင်၍ သွားရောက်ဂုဏ်ပြုဟောပြောခွင့် ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် ပုဂံလူရည်ချွန် အပန်းဖြေစခန်းတွင် စာရေးသူဟောပြောခဲ့သည့် အောက်ပါဂုဏ်ပြုစကားများဖြင့် အခြေခံပညာကျောင်းအသီးသီးမှ အရွေးချယ်ခံရပြီး စခန်းအားလုံးတွင် အပန်းဖြေကြမည့် **"ယခုနှစ်လူရည်ချွန်များ"**အား ဂုဏ်ပြုလိုက်ပါသည်။

လေးစားအပ်ပါသော ခေါင်းဆောင်လောင်း လူရည်ချွန်မောင်မယ်များခင်ဗျာ-

ခေါင်းဆောင်လောင်း အမွန်အမြတ်များကို တွေ့ဆုံခွင့်၊ ဂုဏ်ပြုနှုတ်ခွန်းဆက်သခွင့်ရတဲ့အတွက် အထူးပင်ဝမ်းမြောက်မိပါတယ်။ မောင်တို့မယ်တို့ကို **"လူရည်ချွန်၊ လူရည်မွန်များ"** အဖြစ် ယနေ့ဒီလို အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ ထွန်းတောက်စေဖို့ အစပျိုးခဲ့တဲ့ သမိုင်းဂုဏ်ရှိန်ကြီးတဲ့နေရာမှာ ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးနေခြင်းပါ၊ ဒီနေရာဟာ မြန်မာနိုင်ငံတော်ရဲ့မူလအစ စည်ပင်ဖွံ့ဖြိုးမှုနဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေ သန္ဓေတည်ရာနေရာပါ။ ပြီးတော့ သာသနာနဲ့ ယဉ်ကျေးမှုထွန်းကားရာ ဘူမိနက်သန် နေရာမှန်လည်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်ကျော်က ပုဂံသူ၊ ပုဂံသားတွေရဲ့ နိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအပေါ် တာဝန်ကျေပွန်ခဲ့တဲ့၊ ကောင်းမြတ်တဲ့အစဉ်အလာကို အမွေအဖြစ်ဆက်ခံနိုင်စေဖို့အတွက် မောင်တို့ မယ်တို့ ဒီနေရာကို ရောက်လာတာပဲဖြစ်ပါတယ်။ မြန်မာမှန်ရင် ပထမမြန်မာနိုင်ငံတည်ခဲ့တဲ့ ပုဂံသူ၊ ပုဂံသားတွေရဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိရမယ်။ ပုဂံကိုရောက်ပြီး ပုဂံစိတ်ဓာတ်၊ ပုဂံသားတွေရဲ့ မြင့်မြတ်တဲ့ဝိညာဉ် လွှမ်းခြုံနေတဲ့ အငွေ့အသက်ကို ခိုလှုံဖူးရပါမယ်ဆိုတဲ့ အစဉ်အလာကောင်းကို ဆက်ခံစေတာဖြစ်ပါတယ်။

မောင်တို့ မယ်တို့သိကြတဲ့အတိုင်း ဒီနေရာမှာ **"အနော်ရထာမင်းမြတ်နဲ့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး"** ဆိုတဲ့ ပုဂံခေတ်သူရဲကောင်း တစ်နည်းအားဖြင့် မြန်မာနိုင်ငံတော်ကို စတင်ကြိုးပမ်းတည်ထောင်ခဲ့သူ၊ ထူးချွန်ထက်မြက်တဲ့ **"မြန်မာ့လူရည်ချွန် ငါးဦး"** စတင်ဆုံစည်းခဲ့တဲ့နေရာပါ။

အဆိုပါလူရည်ချွန် ငါးဦးဟာ ပုဂံသားတွေရဲ့ **"စည်းလုံးညီညွတ်မှုအားကို ဖော်ဆောင်နိုင်ခဲ့လို့သာ"** အခုလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာတာဖြစ်ပါတယ်။ အဲဒီပုဂံလူရည်ချွန်တွေရဲ့ မျိုးဆက်ဟာ ယနေ့ဆိုရင် မောင်တို့ မယ်တို့ **"လူရည်ချွန်"** တွေပါပဲ။ ဒါ့ကြောင့် အနယ်နယ်အရပ်ရပ်က မောင်တို့ မယ်တို့လို တိုင်းရင်းသားမောင်နှမတွေကို မြန်မာနိုင်ငံကို စတင်တည်ထောင်ခဲ့တဲ့ ပုဂံသူ၊ ပုဂံသားတို့ရဲ့ နိုင်ငံအပေါ်မှာ တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်နဲ့ နိုင်ငံနဲ့လူမျိုးကို မြင့်တင်လိုတဲ့စိတ်ဆိုတဲ့ **"တန်ဖိုးမြင့် ပုဂံသားခေါင်းဆောင်တို့ရဲ့ ကောင်းမြတ်တဲ့ဝိညာဉ်"** တွေကို မောင်တို့ မယ်တို့ရဲ့ နှလုံးသားမှာ စိမ့်ဝင်ပျံ့နှံ့စေဖို့အတွက် ဒီမြန်မာတို့ရဲ့ဘူမိနက်သန်နေရာမှန် ပုဂံဒေသမှာ ဆုံစည်းနိုင်ဖို့ စီစဉ်ခြင်းဖြစ်ပါတယ်။

ခေါင်းဆောင်လောင်း လူရည်ချွန်များခင်ဗျာ-

"လူရည်ချွန်" ဆိုတဲ့ဘွဲ့ထူးဟာ တန်ဖိုးမြင့်နိုင်ငံသားတွေဖြစ်ပါမှရကြတာပါ။ အောင်မြင်တဲ့သူတိုင်းလည်း တန်ဖိုးမြင့်လူသားဘဝ မရောက်ကြပါ။ တန်ဖိုးရှိတဲ့သူဆိုတာ ကိုယ့်ရဲ့အတ္တအကျိုးစီးပွားကို ရှေ့တန်းမတင်ပါ။ ပရဟိတအကျိုး၊ အများပြည်သူအကျိုးကို ရှေ့တန်းတင်ခဲ့ကြသူတွေပါ။ မောင်တို့ မယ်တို့ရဲ့ ဘိုးဘွားဘီဘင် ပုဂံလူရည်ချွန်တွေထဲက ကျန်စစ်သားမင်းကြီးရဲ့ အဖိုးတန်မြင့်မြတ်စိတ်ထားကို ဖော်ပြပါရစေ။ အဲဒီစိတ်ထားကို ကျန်စစ်သားမင်းကြီးရဲ့ **"ရွှေစည်းခုံဘုရားမှာရှိတဲ့ နန်းတည်ကျောက်စာ"** မှာ (ယနေ့တော့ ပုဂံပြတိုက်မှာ ပြသထားခြင်း) တွေ့နိုင်ပါတယ်။ **စာမျက်နှာ ၇ သို့** ❖

"လူရည်ချွန်" ဆိုတာ အောင်မြင်သူတို့ရဲ့အထက်က တန်ဖိုးမြင့်လူသားတွေပါ။ အောင်မြင်သူတို့ထက်မြင့်တဲ့ တန်ဖိုးရှိတဲ့သူဆိုတာ "ကိုယ့်အကျိုးထက် အများအကျိုးကို အမြဲနှလုံးသွင်း ရှေ့တန်းတင် ဆောင်ရွက်နေကြသူတွေ" ပါ။ အဲဒီစိတ်ဓာတ်မျိုးဟာ ခါတော်မီ ယနေ့မှ ပေါ်ခဲ့တာမဟုတ်ပါ။ ပထမမြန်မာနိုင်ငံတည် အနော်ရထာမင်းမြတ်နဲ့တကွ ပုဂံသူ ပုဂံသား လူရည်ချွန်တွေရဲ့ လက်ထက်ကတည်းက စတင်ပေါက်ဖွားကျင့်သုံးခဲ့ကာ ဆက်လက်ဖြန့်ဝေခဲ့ပြီး နောက်မျိုးဆက်တွေကလည်း ခေတ်အဆက်ဆက်လက်ခံကျင့်သုံး

၂၀၁၉ ခုနှစ် အဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကို လေ့လာကြစဉ်။

❖ စာမျက်နှာ ၆ မှ

"များစွာသော ခပ်သိမ်းသူအပေါင်းတို့သည်
သားတကွဲ၊ မယားတကွဲ၊ မိတကွဲ၊
ဘတကွဲဖြစ်ကြရကုန်၏။
ထိုသူတို့၏ ဆင်းရဲဒုက္ခကို ငါငြိမ်းပါအံ့။
ထိုသူတို့၏ မျက်ရည်ကို ငါသုတ်ပေးပါအံ့။
ငါ၏လက်ျာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့။
ငါ၏လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာကိုပေးအံ့။
အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့
ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်
စေအံ့"။

အများပြည်သူတို့ရဲ့ ဒုက္ခအပေါင်းကို ငြိမ်းချမ်းစေချင်တာ၊ ပြည်သူကို မိဘလို ချစ်ခင်နှစ်သိမ့်တာ၊ အစားရေစာရိက္ခာ အလုံအလောက်ပေးချင်တာနဲ့ ဝတ်စားဆင်ယင်မှုပြုပေးချင်တာဟာ တန်ဖိုးမြင့် နိုင်ငံ့ခေါင်းဆောင်ဖြစ်တဲ့ မောင်တို့ မယ်တို့ရဲ့ အစောဆုံး မြန်မာနိုင်ငံကို တည်ထောင်ရာမှာ ပါဝင်ခဲ့တဲ့ ပုဂံမျိုးဆက်တစ်ဦးပိုင်ဆိုင်ခဲ့တဲ့ ကောင်းမြတ်တဲ့ စိတ်ထားပါ။ အဲဒီမြင့်မြတ်တဲ့စိတ်ထားကို မောင်တို့ မယ်တို့ လက်ဆင့်ကမ်းယူရစ်ကြပါ။ လက်ဆင့်ကမ်းယူနိုင်ပါမှ ပုဂံသွေးပီသတဲ့ မြန်မာ့ခေါင်းဆောင်တွေဘဝကို မောင်တို့ မယ်တို့ ရောက်ကြမှာပါ။

ပုဂံဟာ တိုင်းရင်းသားတွေ သွေးစည်းမှု၊ ချစ်ကြည်မှုကို အလေးထားတဲ့နေရာပါ။ ကိုယ့်တိုင်းရင်းသားထိရင် လက်ပိုက်ကြည့်မနေနိုင်တဲ့ ရပ်ဝန်းပါ။ မောင်တို့ မယ်တို့ သိတဲ့အတိုင်း တို့တစ်တွေရဲ့ သွေးချင်းဖြစ်တဲ့ မွန်တို့ဌာနီဟံသာဝတီကို ဂျွမ်းစစ်သည်တွေ ကျူးကျော်စော်ကားခဲ့တာကို အနော်ရထာမင်းမြတ်က ပုဂံသူရဲကောင်းတွေ စေလွှတ်ပြီး တွန်းလှန်စေကာ မွန်နဲ့ဗမာ ချစ်ကြည်မှုကို ခိုင်မြဲစေခဲ့ပါတယ်။

ပြီးတော့ ပုဂံမြေဟာ မြန်မာပြည်ကို ထေရဝါဒ သာသနာရောင်ဝါ ထွန်းလင်းမှု စတင်ထွန်းညှိပေးခဲ့တဲ့နေရာပါ။ ဒ့ါကြောင့် မေတ္တာအရင်းခံတဲ့ ဗုဒ္ဓသာသနာတော် အခြေတည်ရာ ဒီမြေ၊ ဒီဒေသဟာ နိုင်ငံသားတွေရဲ့ စိတ်နှလုံးငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ သာယာမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ မေတ္တာနဲ့ ယှဉ်တဲ့အကြည့်၊ တွေးတော၊ ကြံစည်၊ ပြောဆို၊ လုပ်ကိုင်မှု အစပြုတဲ့နေရာဖြစ်တာမို့ **"တိုင်းရင်းသား အချင်းချင်း ငြိမ်းချမ်းရေး သန္ဓေစိတ်ဓာတ်"** မြန်မာ့မြေပေါ်မှာ စတင်စိုက်ပျိုးတဲ့နေရာလည်း ဖြစ်ပါတယ်။ မေတ္တာစိတ်အရင်းခံတဲ့ ငြိမ်းချမ်းမှုကို မြတ်နိုးဖော်ဆောင်တာကိုက ပုဂံသွေး၊ ပုဂံသားတို့ရဲ့ စိတ်ဓာတ်ပါ။

လူရည်ချွန် လူရည်မွန်များခင်ဗျာ –

အဲဒီ ပုဂံသားစိတ်ဓာတ်ကို ဘယ်သူက လက်ခံယူခဲ့သလဲဆိုရင် မောင်တို့ မယ်တို့ရဲ့ **"ဘိုးဘေးဘီဘင် လူရည်ချွန်တစ်ဦး"** ထဲမှာ ပါဝင်ခဲ့တဲ့ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သူ **"ဘုရင့်နောင်မင်းတရားကြီး"** ပါ။ သူ့ရဲ့မြင့်မြတ်စိတ်ထားကို မောင်တို့ မယ်တို့မှာ ရှိပြီးသား တန်ဖိုးမြင့်အမွေထဲကို ထပ်ဖြည့်ပေါင်းထည့်ပေးလိုက်ချင်ပါတယ်။ အဲဒါကတော့ ဘုရင့်နောင်မင်းတရားကြီးရဲ့ မြန်မာနိုင်ငံကို စုစည်းတဲ့ နောက်ဆုံး ဟံသာဝတီမြို့သိမ်းတိုက်ပွဲအတွင်း သစ္စာပြုတာပါ။ ဘုရင်အချင်းချင်း နောက်ဆုံးစီးချင်းထိုးခါနီးမှာ ဆင်ပေါ်မှာရှိတဲ့ ခရားထဲကရေကို မြေပေါ်သွန်ချပြီး **"သာသနာ့အကျိုး၊ ပြည်သူတွေရဲ့အကျိုးကို သယ်ပိုးနိုင်မယ်ဆိုရင် ဤတိုက်ပွဲမှာ နိုင်ရပါလို၏"** ဟု သစ္စာပြုခဲ့ပါတယ်။ စစ်ပြင်နေတဲ့ အချိန်မဟုတ်ပါ။ စစ်ပွဲအတွင်း ဆင်ပေါ်ကနေပြီး သူ့ဆီကို ရန်သူက အပြင်းချီလာတာကို လှမ်းမြင်ရတဲ့အချိန်မှာပါ။

လူရည်ချွန်မောင်မယ်တွေကို ပေးချင်တဲ့အမွေကတော့ **"အသက်နဲ့ရင်းပြီး သူ့အသက်၊ ကိုယ့်အသက် လုနေရတဲ့အချိန်မှာတောင် သာသနာ့အကျိုး၊ ပြည်သူ့ကောင်းကျိုး"**ဆိုပြီး **"နိုင်ငံ့အကျိုး၊ အများအကျိုးကို ဦးထိပ်ထားနိုင်တဲ့ စိတ်ဓာတ်"** တစ်နည်းအားဖြင့် **"ငါသည် ဘုရင်ဖြစ်ရန် တိုက်ပွဲဝင်နေခြင်းမဟုတ်၊ ပြည်သူ့အကျိုး၊ သာသနာ့အကျိုး သယ်ပိုးရန်သည် ငါ၏အန္တိမရည်မှန်းချက်ပါ။ သို့အတွက် အသက်နဲ့ရင်း၍ တိုက်ပွဲဝင်နေခြင်း"** ဆိုတဲ့ လူရည်ချွန်တွေသာ ပိုင်ဆိုင်တဲ့မြင့်မြတ်စိတ်ထားဆိုတာပါပဲ။ အဲဒီမြင့်မြတ်စိတ်ထားအမွေကို မြန်မာပြည်မှာ အစဉ်ထာဝရထွန်းတောက်နေအောင် ဆက်လက်ဖော်ဆောင်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။

အဲဒါနဲ့အတူ ထပ်ဆင့်ပြီးကောင်းမွေဆက်ခံစေချင်တာကတော့ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့တဲ့ အလောင်းဘုရားရဲ့စိတ်ဓာတ်ပါ။ သူ့ရဲ့တိုင်းရင်းသား အစုံရဲဘော် ရဲဘက် လူရည်ချွန် ၆၈ ဦးရဲ့ အင်အားနဲ့ ပထမ၊ ဒုတိယ မြန်မာနိုင်ငံတော်နယ်နိမိတ်အတိုင်း တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တာပါ။ အလောင်းဘုရားရဲ့ စိတ်ထားကတော့ အဲဒီသွေးသောက်လူရည်ချွန် ၆၈ ဦးကို သူတို့ရဲ့ စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုခဲ့ပါတယ်။

မောင်တို့ မယ်တို့ဟာလည်း ခေါင်းဆောင်လောင်း အမွန်အမြတ်တွေပါ။ ခေါင်းဆောင်ဆိုတာ **"ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရမယ်၊ မြှောက်စားထိုက်သူကို မြှောက်စားရမယ်"** ဆိုတဲ့ အစဉ်အလာကောင်းကို တန်ဖိုးထားတတ်ကြသူတွေပါ။ မောင်တို့ မယ်တို့ကို ဒီကနေ့အချိန်မှာ ဒီပုဂံမြေအပါအဝင် အပန်းဖြေစခန်းသုံးခုမှာ ဂုဏ်ပြုခံနေခြင်းကိုက **"မြန်မာ့သားကောင်း အလောင်းဘုရားရဲ့ စိတ်ဓာတ်ကို ဆက်ခံနိုင်ပြီး ဖြန့်ဝေနိုင်စွမ်းရှိသူ"** ယနေ့တာဝန်ယူနေကြတဲ့ နိုင်ငံ့အကြီးအကဲတွေရဲ့ မြင့်မြတ်တဲ့စိတ်ထားကြောင့်ပါ။ ခေါင်းဆောင်လောင်းတွေဖြစ်ကြတဲ့ မောင်တို့ မယ်တို့ဟာလည်း အဲဒီလို ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမယ်ဆိုတဲ့အမွေကို ဆက်ခံပေးကြပါ။ ပြီးတော့ လက်ဆင့်ကမ်းပေးကြပါ။

မြန်မာနိုင်ငံသား မောင်တို့ မယ်တို့ဟာ ရှေးခေတ်ပုဂံလူရည်ချွန်တွေရဲ့ မျိုးဆက်တွေပါ။ နောက်မျိုးဆက်ဆိုတာ အလောင်းဘုရားလို အရင်မျိုးဆက်တွေထက်သာရပါမယ်။ နန်းသက် (၈) နှစ် (အနော်ရထာဘုရင်က နန်းသက် (၃၃) နှစ်၊ ဘုရင့်နောင်က နန်းသက် (၃၂) နှစ်) ဆိုတဲ့ တိုတောင်းတဲ့ အချိန်အတွင်းမှာ ပထမနဲ့ ဒုတိယ နိုင်ငံတော်လို အဆင့်မျိုးရောက်အောင် နိုင်ငံကိုဆက်လက်တည်ထောင်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ဆန်ရေစပါးပေါ်ကြွယ်စေဖို့ စိုက်ပျိုးရေးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါဟာ နောက်မျိုးဆက်က ယခင်မျိုးဆက်တွေထက် သာအောင်၊ ပိုကောင်းအောင် လုပ်နိုင်ခဲ့တဲ့ သာဓကပါ။

နောက်ဥပမာတစ်ခုကတော့ သမိုင်းမှာ ထင်ရှားတဲ့ အင်္ဂလိပ်နဲ့ မြန်မာတို့ ရန္တပိုစာချုပ်ကို ချုပ်ဆိုစဉ် ၁၈၂၆ ခုနှစ်တုန်းက မြန်မာတွေ အင်္ဂလိပ်စကားမတတ်လို့ အမေရိကန်သာသနာပြု–ဆရာယုဒသန် (ဆရာဂျပ်ဆင်) ကို အကူအညီတောင်းပြီး ချုပ်ဆိုခဲ့ပါတယ်။ အဲဒီကာလမှ နောင်နှစ်ပေါင်း ၁၂၀ ကြာတဲ့အခါမှာ အောင်ဆန်း–အက်တလီနဲ့–အက်တလီ (၁၉၄၇ ခုနှစ်) စာချုပ်တွေ လန်ဒန်မှာ ချုပ်ဆိုတဲ့အခါမှာတော့ ဘယ်စကားပြန်မှမလိုပါ။ ခေတ်ပညာတတ်မြန်မာတွေ သူတင်ကိုယ်တင် စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင်က **"ချက်ချင်းမနေး၊ လွတ်လပ်ရေးပေး"** ဆိုပြီး တောင်းဆိုနိုင်ခဲ့ပါတယ်။ ဆိုလိုတာက နောက်မျိုးဆက်ဆိုတာ အရင်မျိုးဆက်တွေထက် သာရမယ်ဆိုတဲ့ စိတ်ထားကို လက်ခံကျင့်သုံးနိုင်မှ **"လူရည်ချွန်"** တွေဖြစ်ကြမယ်ဆိုတာကို ဂရုပြုစေချင်ပါတယ်။

ဒ့ါအပြင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာလည်း ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် လွတ်လပ်ရေး ခေါင်းဆောင်မျိုးဆက်တွေဟာ **"ပြည်သူတွေ သူ့ကျွန်ဘဝက လွတ်မြောက်ရေးသာ အဓိက၊ တို့အသက်ဟာ သာမည"** ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးပမ်းခဲ့ကြလို့ မောင်တို့ မယ်တို့ဟာ လွတ်လပ်တဲ့ နိုင်ငံမှာ မွေးဖွားလာတဲ့ သခင်ဘဝကို ရခဲ့ကြတာပါ။ အတ္တအကျိုးထက် ပရအကျိုးကို သယ်ပိုးခဲ့ကြတဲ့ မောင်တို့ မယ်တို့ရဲ့ လွတ်လပ်ရေးခေါင်းဆောင် အဘိုး အဘွားတွေရဲ့ မြင့်မြတ်စိတ်ထားတွေကြောင့်ပါ။

၁၉၆၄ ခုနှစ် လူရည်ချွန်စီမံကိန်းမှနေ ၁၉၈၈ ခုနှစ်အထိ ပေါ်ထွန်းခဲ့တဲ့ မောင်တို့ မယ်တို့ရဲ့ အဘိုး၊ အဘွား၊ မိဘတွေဖြစ်ကြတဲ့ **"လူရည်ချွန်ကြီး"** တွေရဲ့စိတ်ဓာတ်ကတော့ **"တိုင်းပြည်အကျိုး၊ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ကောင်းကျိုးဆိုရင် မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်မယ်၊ မဖြစ်နိုင်ဘူးလို့ ငြင်းမနေပါ။ သူများထက် ပိုကောင်းအောင် လုပ်ဆောင်ပေးမယ်"** ဆိုတဲ့စိတ်ဓာတ်ပါပဲ။ အဲဒီကောင်းမွေကို ဘဝမှာလက်ခံကျင့်သုံးခဲ့တာကြောင့် ယနေ့ကာလမှာ ဒုတိယသမ္မတ (ငြိမ်း) ဒေါက်တာစိုင်းမောက်ခမ်းအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ တပ်မတော်နဲ့ဝန်ထမ်းအကြီးအကဲများနဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ စတဲ့ ပြည်သူ့အကျိုး၊ နိုင်ငံ့ဖွံ့ဖြိုးရေးကို ကျရာနေရာမှာ အကောင်းဆုံး စွမ်းဆောင်နေကြပါပြီ။ ကျွန်တော်တို့အဖွဲ့ လူရည်ချွန်မျိုးဆက်ဟောင်းတွေရဲ့ ကိုယ်စားလှယ်အဖြစ် ဒီကိုရောက်လာရခြင်းဟာလည်း **"အဲဒီဘိုးဘွားတို့ရဲ့ ဘဝအတွေ့အကြုံတွေ အများကြီးထဲကမှ သူတို့ရဲ့ စိတ်ထားအမွန်အမြတ်တွေကို လက်ဆင့်ကမ်းပေးချင်လို့"** ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ "လူရည်ချွန်" ဆိုတာ အောင်မြင်သူတို့ရဲ့ အထက်က တန်ဖိုးမြင့်လူသားတွေပါ။ အောင်မြင်သူတို့ထက်မြင့်တဲ့ တန်ဖိုးရှိတဲ့သူဆိုတာ **"ကိုယ့်အကျိုးထက် အများအကျိုးကို အမြဲနှလုံးသွင်း ရှေ့တန်းတင် ဆောင်ရွက်နေကြသူတွေ"** ပါ။ အဲဒီစိတ်ဓာတ်မျိုးဟာ ခါတော်မီ ယနေ့မှ ပေါ်ခဲ့တာမဟုတ်ပါ။ ပထမမြန်မာနိုင်ငံတည် အနော်ရထာမင်းမြတ်နဲ့တကွ ပုဂံသူ ပုဂံသား လူရည်ချွန်တွေရဲ့ လက်ထက်ကတည်းက စတင်ပေါက်ဖွားကျင့်သုံးခဲ့ကာ ဆက်လက်ဖြန့်ဝေခဲ့ပြီး နောက်မျိုးဆက်တွေကလည်း ခေတ်အဆက်ဆက် လက်ခံကျင့်သုံးပါတယ်။

ပုဂံမျိုးဆက်တွေဖြစ်တဲ့ မောင်တို့ မယ်တို့ဟာ နိုင်ငံဖွံ့ဖြိုးရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို နိုင်ငံတကာအလယ်မှာ မော်ကြွားနိုင်ရေးအတွက် ဆက်လက်ဦးဆောင်ကြမယ့်သူတွေပါ။ ခေါင်းဆောင်လောင်းလူရည်ချွန်တွေကို **"ငါတို့ဟာ၊ ပုဂံသား၊ ပုဂံသွေးဆိုတာကိုသိပြီး ပုဂံမျိုးဆက်ရဲ့ ဇာတိဂုဏ်၊ အမျိုးဂုဏ်ကို အမြဲတမ်းခံယူကျင့်သုံးနိုင်စေရန် ဒီပုဂံမြေမှာလာပြီး သိဒ္ဓိထပ်တင်ပေးနေခြင်း"** ပါ။ အပန်းဖြေလေ့လာရင်း ခေါင်းဆောင်အမွန်အမြတ်တွေရဲ့ အရည်အသွေးတွေကိုလည်း တစ်ပြိုင်တည်းကို တပ်ဆင်ပေးနေခြင်းပါ။ ဒ့ါကြောင့် မြန်မာ့ဘူမိနက်သန်ပုဂံမြေမှ ကိုယ့်ဒေသအသီးသီးကို မောင်တို့ မယ်တို့ ပြန်ရောက်ကြတဲ့အချိန်မှာ မိမိကိုယ်ကို အနာဂတ်ရဲ့ ခေါင်းဆောင်လောင်းလို့ခံယူပြီး ကျင့်ကြံနေထိုင်ကြပါ။ ပြီးတော့ အဲဒီခံယူချက်ကို အကောင်အထည်ဖော်ဖို့ **"ပညာကို အမြဲလေ့လာလိုက်စားရင်း လူရည်ချွန်၊ လူရည်မွန်ဘဝ"** ကို ဆက်လက်ထိန်းသိမ်းပေးကြပါ။ အမိနိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာဟာ မောင်တို့ မယ်တို့ရဲ့ **"ပုဂံသား (သို့) မူလအစ မြန်မာနိုင်ငံသား"** တို့ရဲ့စိတ်ဓာတ် ဘယ်လောက်ကြွယ်ဝပြီး ထိန်းသိမ်းအကောင်အထည်ဖော်နိုင်သလဲအပေါ်မှာ မူတည်နေတာကြောင့် မဖြစ်မနေ အဲဒီစိတ်ဓာတ်ကို ဖွံ့ဖြိုးစည်ပင်ပြန့်ပွားအောင်ဆောင်ရွက်ရင်း နိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးကြပါ။ အဲဒီလို ဆောင်ရွက်နိုင်တဲ့ အရည်အသွေးတွေ မောင်တို့ မယ်တို့ ပိုင်ဆိုင်နေတာကိုလည်း ကျွန်တော်နဲ့ လူရည်ချွန်မျိုးဆက်ဟောင်းကြီးတွေက တွေ့မြင်နေပါကြောင်းနဲ့ **"အောင်မြင်သူတို့ရဲ့ အထက်က တန်ဖိုးမြင့်ခေါင်းဆောင်တွေဘဝ"** မှာ ထာဝရ ရပ်တည်နိုင်ကြပါစေလို့ လူရည်ချွန် (၁၉၆၄–၁၉၈၈) အဖွဲ့အားလုံးရဲ့ကိုယ်စား ဆုတောင်းရင်း ကျွန်တော့်ရဲ့ ဂုဏ်ပြုဟောပြောချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ။

■

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန် နှင့် ပံ့ပိုးအားပေးရမည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲကျင်းပ

ကျိုင်းတုံ ဧပြီ ၂၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယနေ့အခမ်းအနားတွင် ကြက်ခြေနီတပ်ဖွဲ့များအား ဝတ်စုံများထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရုံးဌာနအဆောက်အအုံများ မြေပိုင်ဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်ထားရန်၊ အဆောက်အအုံတွင် နေထိုင်ခွင့်ရရှိနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် ဆောင်ရွက်ချက်များ မှတ်တမ်းတင်ထားရှိရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိမိမိရှိအောင် ဆောင်ရွက်ရန်၊ လိုအပ်ချက်များရှိပါက တင်ပြပေးကြရန်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများကို စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မက်မန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်တို့ရှိ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များအား ဝတ်စုံများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ထောက်ပံ့ပေးအပ်ရာ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်အသီးသီးက လက်ခံရယူပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိန်းငွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ကျိုင်းတုံမြို့ရှိ နောင်တုံကန်အတွင်း သဲနုန်းများအား စက်ယန္တရားကြီးများဖြင့် တူးဖော်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပြီး မင်းဒင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသော ကျိုင်းတုံဟော်နန်း သံကူကွန်ကရစ်နှစ်ထပ်ဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအတွက် ဆွေးနွေး

မအူပင် ဧပြီ ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုမြတ်သွယ်က အမှာစကားပြောကြားပြီး မအူပင်မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက စီမံကိန်းများ ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းမြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဦးစီးဌာနဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၉၁ ရွာနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းဆောင်ရွက်ခဲ့သည့် ကျေးရွာ ၁၄ ရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

၂၂၂

စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အလေးထားဆောင်ရွက်

မုံရွာ ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)ကို ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတည်ပြုမိန့်ထုတ်ပေးနိုင်ခဲ့

ရှေးဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း လေးခု၊ ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၈၂၄၀ သန်းအား အတည်ပြုမိန့်ထုတ်ပေးနိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၉ ခုအား ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်မှုအနေဖြင့် ကုမ္ပဏီပေါင်း ၄၆ ခုအား ကွင်းဆင်းဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး အတည်ပြုမိန့်ရယူထားကာ စီးပွားဖြစ်စတင်နိုင်ခြင်း မရှိသည့် လုပ်ငန်း အခု ၂၀ ကိုလည်း တည်ဆောက်ရေးကာလသက်တမ်း တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း။

စစ်ကိုင်းစက်မှုဇုန်တွင်ရှိသည့် မဟာနီလာ နှစ်ဘီး/သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူ အောင်မြင်မှု မှတ်တမ်းရိုက်ကူးနိုင်ခဲ့ပြီး ယခုမှတ်တမ်းမှတစ်ဆင့် မိမိတို့ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ဆောင်ရွက်ချက်များအား ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအားသိရှိအောင် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဝက်ဘ်ဆိုက်၊ Youtube နှင့် Facebook Page များတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

မော်လမြိုင်မြို့နယ်တွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသမှု ကြည့်ရှုအားပေး

မော်လမြိုင် ဧပြီ ၂၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ ကတိုးအခြေခံပညာအထက်တန်းကျောင်း၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသမှု အစီအစဉ်တွင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် ခွဲစိတ်အထူးကုသပေးခြင်း၊ မျက်စိအထူးကုသပေးခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုသပေးခြင်း၊ သွားနှင့် ခံတွင်းအထူးကုသပေးခြင်း၊ အရိုးအထူးကုသပေးခြင်း၊ ကလေးအထူးကု၊ သားဖွားနှင့်မီးယပ်အထူးကု၊ စိတ်ကျန်းမာရေးအထူးကုသပေးခြင်းဖြင့် ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ကြိုတင်ကာကွယ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ကုသနိုင်ရေး ဆောင်ရွက်ကြရန်၊ ပြည်သူများအတွက် ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေးလုပ်ငန်းများကို

စဉ်ဆက်မပြတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားကာ လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ရောဂါဝေဒနာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ကတိုး အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင်များနှင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားပေးစကားပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းအပေါ် ကြည့်ရှုအားပေးကာ ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ရောဂါဝေဒနာရှင်များအား အားပေးစကားပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆေးရုံအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာ၌ ရက်(၉၀) မျိုး၊ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲ တက်ရောက်

သာယာဝတီ ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာ ကွင်းအမှတ် ၁၂၅၂ တောင်သူ ဦးကျော်စိုး၏ လယ်သုံးကေ၌ ယနေ့နံနက် ၁၁ နာရီတွင် ရက် (၉၀) မျိုး နွေစပါးစံကွက် ရိတ်သိမ်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ရက်(၉၀)စပါး တစ်ဧကလျှင် အစို ၁၁၂ တင်း၊ အခြောက် ၁၀၁ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ရေနှင့်ဓါတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီလ၊ ၂၀၂၃)

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”
“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”
“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

နှစ်ဦးမှာ လေရူးများနှင့်အတူ နပန်းလုံးနေသည့် အပူချိန်

ပြေအေးသက်

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးမျိုးရှိရာ ယခုအခါ ဆောင်းကုန်၍ နွေဥတုသို့ကူးပြောင်းနေသည့် နွေဦးကာလပင် လွန်လာနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် အပူဆုံးအချိန်ကာလသည် ဧပြီလဖြစ်၍ ယခုအချိန်သည် အပူဆုံးအချိန်ကာလကို ဖြတ်သန်းနေရသည့် အချိန်လည်းဖြစ်သည်။ မြန်မာနိုင်ငံသည် အပူပိုင်းမုတ်သုံရာသီဥတုမျိုးရရှိပြီး ရာသီဥတုအခြေအနေမှာ မြေမျက်နှာသွင်ပြင်အရ တစ်နေရာနှင့်တစ်နေရာ မတူညီဘဲ ကွာခြားလေ့ရှိသည်။

နှစ်မျိုးမုတ်သုံလေ

မြန်မာနိုင်ငံသည် ဒီဇင်ဘာလမှ ဧပြီလအထိ အရှေ့မြောက်မုတ်သုံရာသီဥတုရရှိပြီး ထိုရာသီဥတုကြောင့် တိမ်ပါးကာမိုးအနည်းငယ်ရွာ၍အလယ်အလတ်အပူချိန်ရှိသည်။ စိုစွတ်မှုနည်းပါးသောအချိန်အခါဖြစ်သည်။ ဇွန်လမှ စက်တင်ဘာလအထိမှာ အနောက်တောင်မုတ်သုံရာသီကြောင့် တိမ်ထူမိုးရွာကာ ပူပြင်းစိုစွတ်သောရာသီမျိုး ခံစားရသည်။ ကမ္ဘာပေါ်တွင် မုတ်သုံလေရရှိသောဒေသများမှာ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ အင်ဒိုချိုင်းနားဒေသများ၊ ဩစတြေးလျတိုက် အနောက်မြောက်ပိုင်း၊ အာဖရိကတိုက် အရှေ့ဘက်ကမ်းရိုးတန်းဒေသအချို့နှင့် တောင်အမေရိကတိုက် အနောက်မြောက်ပိုင်းဒေသတို့ ဖြစ်ကြသည်။ မတ်လမှ ဧပြီလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အပူချိန်မှာ ၁၁၀ ဒီဂရီဖာရင်ဟိုက် (၄၃.၃ ဒီဂရီစင်တီဂရိတ်)ရှိသော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ၉၇ ဒီဂရီဖာရင်ဟိုက် (၃၆.၁ ဒီဂရီစင်တီဂရိတ်)ရှိကာ ရှမ်းကုန်းမြင့်တွင် ၈၅ မှ ၉၅ ဒီဂရီဖာရင်ဟိုက် (၂၉.၄ မှ ၃၅ ဒီဂရီ စင်တီဂရိတ်) ရှိသည်။

အီကွေတာနှင့်အနီးအဝေး

အီကွေတာမျဉ်းသည် ကမ္ဘာ့ဝင်ရိုးနှင့် ဒေါင်လိုက်ကျပြီး တောင်ကမ္ဘာခြမ်းနှင့် မြောက်ကမ္ဘာခြမ်းကို ပိုင်းခြားထားသည်။ အီကွေတာနှင့်နီးကပ်သည့်ဒေသရှိ ရာသီဥတုမှာ ပူအိုက်သည်။ မြန်မာနိုင်ငံသည် အီကွေတာမျဉ်း၏ မြောက်ဘက်၊ ကမ္ဘာ့မြောက်ဘက်အခြမ်းတွင်တည်ရှိပြီး အရှေ့တောင်အာရှကုန်းမြေမကြီး၏အနောက်မြောက်ဘက် အကျဆုံးနိုင်ငံဖြစ်ကာ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာတို့နှင့် ထိစပ်နေသည်။ သမပိုင်းဇုန်ထက် အပူပိုင်းဇုန်တွင် ပါဝင်မှုရာခိုင်နှုန်းများကာ ရာသီဥတုပူပြင်းသည်။ သို့သော်လည်း ကုန်းမြေအနိမ့်အမြင့်နှင့် ပင်လယ်နှင့်အနီးအဝေးကလည်း ရာသီဥတုကို ပြုပြင်သည်။

အပူလွန်ကဲ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)မှ ညွှန်ကြားရေးမှူးက ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် ကမ္ဘာ့အပူချိန်တိုးလာသည့် အဓိကအချက်မှာ လူသားတို့ကြောင့် ကမ္ဘာ့လေထုထဲမှ ဖန်လုံအိမ်ဓာတ်ငွေ့များကို တိုက်ရိုက် သို့မဟုတ် နောက်ဆက်တွဲသက်ရောက်စေသည့် အကျိုးဆက်များကြောင့်ဖြစ်ကြောင်း၊ ဆက်လက်၍

လူတို့ကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များ နှစ်စဉ်တိုးနေသည်မှာ ၂၀၁၀-၂၀၁၉ ခုနှစ်ကာလများတွင် အများဆုံးဟု မကြာသေးမီက ထုတ်ပြန်ထားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ အစိုးရများအဖွဲ့ (Intergovernmental Panel On Climate Change-IPCC) ၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားကြောင်း၊ ၁၉၅၀ ပြည့်နှစ်များကတည်းက အပူလွန်ကဲမှုများ ပိုပြီးအဖြစ်များလာပြီး ပိုပြီးပြင်းထန်လာမှုက ဒေသအားလုံးကို သက်ရောက်နေပြီဖြစ်ကြောင်း ပြောသည်။

အပူဆုံးနေ့များတိုးလာ

၎င်းအပြင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၅၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိသည့်အခြေအနေများ ကမ္ဘာ့ဒေသများတွင် ပိုပြီးအဖြစ်များလာသည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၈၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြို့ပေါင်း ၃၇ မြို့၏ နှစ်အလိုက် အပူဆုံးနေ့များ၏ ပြောင်းလဲမှုအလားအလာကို လေ့လာတွက်ချက်မှုများအရ ၃၂ မြို့သည် ဆယ်စုနှစ်အလိုက် အပူဆုံးနေ့များ ပိုတိုးလာသည်ကိုတွေ့ရသည်။ အညာဒေသများဆိုလျှင် ဆယ်စုနှစ်အလိုက် နေ့အပူချိန်မြင့်တက်လာသည်ကို ပိုပြီး သိသာထင်ရှားစွာတွေ့ရပြီး မြန်မာ့ရာသီဥတု၏ပြောင်းလဲမှုညွှန်းကိန်းများ လေ့လာလျှင် ပို၍ပူလာခြင်းနှင့် မိုးရွာသွန်းမှု မူမမှန်သည်ကို အဓိကတွေ့ရသည်။ ဥပမာအနေဖြင့် ပြီးခဲ့သည့် ၃၅ နှစ်လောက်အတွင်း မန္တလေးမြို့၏ နှစ်အလိုက် ပူပြင်းသောနေ့ပမာဏများသည် ၁၉၈၇ ခုနှစ်လောက်က တစ်နှစ်တာ၏ ၅ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင်မူ ၂၂ ရာခိုင်နှုန်းအထိ ပိုများလာသည်ကိုတွေ့ရပြီး သိသိသာသာ ပိုပူသည့်ရက်များ များလာသည်ကိုတွေ့ရသည်။

၂၀၂၃ ခုနှစ်သည် သာမန်နှစ်နွေရာသီအပူဆုံးအချိန်ကာလဖြစ်သည့် ဧပြီလပြီးလျှင် မေလနှင့် ဇွန်လများသည်လည်း မိုးရွာသွန်းမှုနောက်ကျလျှင် အပူချိန် ဆက်လက်မြင့်တက်နိုင်သည်ဟု သိရသည်။ ချောက်မြို့သည် ၂၀၂၀ ပြည့်နှစ် မေလတွင် နေ့အပူချိန်မှာ ၄၈ ဒီဂရီစင်တီဂရိတ်ကို နှစ်ပေါင်း ၇၀ အတွင်း အမြင့်ဆုံးအပူချိန်ရှိခဲ့သည့် မြို့အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထိုအချိန်တွင် မကွေးတိုင်းဒေသကြီး အပါအဝင် အလယ်ပိုင်းဒေသ၏ အခြားမြို့အချို့၌ အပူချိန်များသည် အနည်းဆုံး ၄၄ ဒီဂရီစင်တီဂရိတ်အထိဖြစ်ခဲ့သည်။ ယခုနှစ်သည် အပူချိန်မြင့်နိုင်သည့် အယ်နီညို မဟုတ်သကဲ့သို့ အပူချိန်အနည်းငယ်လျော့နိုင်သည့် လာနီညာမျိုးလည်း မဟုတ်သည့် သာမန်နှစ်ဟု သတ်မှတ်ထားကြသည်။ သာမန်အခြေအနေမျိုးရှိမည့် ရာသီဥတုဟု သတ်မှတ်ထားသော်လည်း အပူချိန်မှာမူ ပြီးခဲ့သည့်နှစ်များထက် လျော့နည်းခြင်းမျိုး မရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး

> ❝ မည်သို့ပင်ဆိုစေ အပူချိန်ပြင်းထန်လာပြီဆိုလျှင် လူသားများအနေဖြင့် အပူအေးရာအကြောင်းများ ရှာကြံနေထိုင်စားသောက်ရပေမည်။ လေဝင်လေထွက်ကောင်းသည့်နေရာမျိုးတွင်နေခြင်း၊ ချည်သား၊ လီနင်သားအင်္ကျီပါးများဝတ်ဆင်ခြင်း၊ သင့်တင့်လျောက်ပတ်သော အပူငြိမ်းစာများ ချက်ပြုတ်စားသောက်ခြင်း၊ နေပူပြင်းချိန်တွင် အရိပ်အာဝါသအောက်၌နေခြင်း၊ လူ၏ သာမန်အပူချိန်ဖြစ်သော ၉၈.၆ ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်လာပါက ရေပတ်ဝတ်တိုက်ခြင်း၊ ရေအေးအေးသောက်ခြင်း ပြုလုပ်ပေးရပြီး နေပူချိန်တွင် ပြင်းထန်သည့် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ ရှောင်ကြဉ် ❞

က ဆိုသည်။

ကမ္ဘာကြီးပူနွေးလာမှု

ကမ္ဘာကြီးပူနွေးလာမှုဆိုသည်မှာ ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထုအတွင်းတွင် အပူချိန် တဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် ကမ္ဘာကြီးတစ်ခုလုံး အပူချိန်မြင့်တက်လာခြင်းကို ဆိုလိုသည်။ နေမှဖြာထွက်သောရောင်ခြည်များ short wave radiation သည် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ကျရောက်ပြီးသည့်အခါ အချို့ကို ကမ္ဘာမြေပြင်က စုပ်ယူထားပြီး အချို့သည် အပူလှိုင်း longwave radiation သို့မဟုတ် အနီအောက်ရောင်ခြည်အဖြစ် ပြောင်းလဲသွားသည်။ ယင်းအပူလှိုင်းများကို လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက် (CO_2)၊ မီသိန်း (CH_4)၊ နိုက်ထရပ်အောက်ဆိုက် (N_2O) စသည့် ဓာတ်ငွေ့များက စုပ်ယူထားခြင်းဖြင့် လူ၊ တိရစ္ဆာန်နှင့် သစ်ပင်တို့ ရှင်သန်နေထိုင်နိုင်ရန် သင့်တင့်မျှတသော အပူဓာတ်ကို ရရှိစေသည်။ အဆိုပါဓာတ်ငွေ့များသည် ကမ္ဘာကြီးကိုပူနွေးစေပြီး မှန်လုံအိမ်ကဲ့သို့ စွမ်းဆောင်ပေးနိုင်သဖြင့် မှန်လုံအိမ်ဓာတ်ငွေ့များ (Green House Gases -GHGs) ဟု တင်စားထားသည်။

စက်မှုခေတ်

သို့ရာတွင် စက်မှုခေတ်ထွန်းကားလာသည့်အချိန်တွင် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့ စသည့် ရုပ်ကြွင်းလောင်စာများသုံးစွဲမှု တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ရာမှ လေထုအတွင်း CO_2 အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ အဆမတန်များပြားလာခဲ့သည်။ လေထု၏ အပူရှိန်ကို စုပ်ယူ၍ မြေပြင်သို့ ပြန်လည်ထုတ်လွှတ်နိုင်မှု ကြီးမားလာပြီး ကမ္ဘာကြီး၏ အပူချိန်ကို မြင့်တက်လာစေရာ ယခုအခါ ကမ္ဘာကြီး၏အပူချိန်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ ကထက် ၁ ဒီဂရီဖာရင်ဟိုက် (၀.၅ ဒီဂရီစင်တီဂရိတ်) ပိုမိုပူနွေးလာသည်ဟုဆိုသည်။ အပူချိန်မြင့်တက်ရခြင်း အခြားအကြောင်းရင်းများမှာ သစ်တောများပြုန်းတီးလာမှု၊ မြို့ကြီးများတွင် လူဦးရေထူထပ်သိပ်သည်းလာမှုနှင့် စက်မှုနည်းပညာများ အသုံးများလာမှုတို့ကြောင့်ဟု အကြမ်းဖျင်းပြောကြသည်။

ပူအိုက်သည်ဆိုပြီး

မည်သို့ပင်ဆိုစေ အပူချိန်ပြင်းထန်လာပြီဆိုလျှင် လူသားများအနေဖြင့် အပူအေးရာအကြောင်းများ ရှာကြံနေထိုင်စားသောက်ရပေမည်။ ယခုလိုအချိန်အခါမျိုးတွင် ပူအိုက်သည်ဆိုပြီး ပုဆိုးကို ရေနှစ်ပတ်ထားခြင်း၊ ပန်ကာလေတစ်ညလုံးခံခြင်း၊ အဝတ်ချွတ်၍ သမံတလင်းတွင် အိပ်နေခြင်းများ အထူးရှောင်ကြဉ်သင့်သည်။ လေဝင်လေထွက်ကောင်းသည့် နေရာမျိုးတွင်နေခြင်း၊ ချည်သား၊ လီနင်သားအင်္ကျီပါးများ ဝတ်ဆင်ခြင်း၊ သင့်တင့်လျောက်ပတ်သော အပူငြိမ်းစာများ ချက်ပြုတ်စားသောက်ခြင်း၊ နေပူပြင်းချိန်တွင် အရိပ်အာဝါသအောက်၌နေခြင်း၊ လူ၏ သာမန်အပူချိန်ဖြစ်သော ၉၈.၆ ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်လာပါက ရေပတ်ဝတ်တိုက်ခြင်း၊ ရေအေးအေးသောက်ခြင်း ပြုလုပ်ပေးရပြီး နေပူချိန်တွင် ပြင်းထန်သည့် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ ရှောင်ကြဉ်ရပါမည်။

ကျန်းမာရေးသတိ

အပူချိန်မြင့်နေသည့် ယခုကာလအတွင်း အပူထဲမှ ပြန်လာပြီး ရုတ်တရက် ရေချိုးခြင်း၊ အအေးခန်းထဲ ရုတ်တရက်ဝင်ခြင်းက သွေးကြောများကိုကျုံ့ပြီး ၎င်းမှတစ်ဆင့် သွေးဖိအား ရုတ်တရက်တက်သွားစေရာ သွေးတိုးအခံရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ သွေး ရုတ်တရက်တိုးပြီး ဦးနှောက်သွေးကြောပေါက်ခြင်းအပြင် လေဖြတ်ခြင်းလည်း ဖြစ်နိုင်ကြောင်း အထွေထွေရောဂါကုသမားတော်အချို့က ဆိုသည်။ ထို့အပြင် ပတ်ဝန်းကျင်အပူချိန် မြင့်တက်လာခြင်းနှင့်အတူ အထူးဂရုပြုရမည့် ကျန်းမာရေးအန္တရာယ်တစ်ရပ်မှာ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heatstroke) ဖြစ်သည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက် (၄၀ ဒီဂရီစင်တီဂရိတ်) နှင့်အထက်တွင် ဖြစ်ပွားတတ်သည်။ Heatstrokeဖြစ်ပွားရသည့် အကြောင်းရင်းများမှာ အပူလွန်ကဲသော ပတ်ဝန်းကျင်နှင့် ထိတွေ့ခြင်း၊ ပြင်းထန်စွာ အလုပ်လုပ်ခြင်း၊ အဝတ်အစားများ ထူထဲစွာဝတ်ဆင်ခြင်း၊ အရက်သောက်ခြင်း၊ ဆုံးရှုံးသွားသောရေဓာတ်များကို ပြန်လည်မဖြည့်ခြင်းတို့ဖြစ်သည်။

ဆင်ခြင်လိုက်နာ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းသာမက သတိလစ်ခြင်းတို့ ဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ရမည်ဟု နိုင်ငံပိုင်သတင်းစာများတွင်လည်း ယခုရက်ပိုင်းတွင်း ကြေညာချက်များ ထုတ်ပြန်၍ ပြည်သူကိုသတိပေးလျက်ရှိကြောင်း တွေ့ရှိရသည်။ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများအပြင် အရေးပေါ် ရှေးဦးပြုစုခြင်းများကိုပါ ထည့်သွင်း၍ ဖော်ပြထားသည်။

ထို့ပြင် ဧပြီလ ၂ ရက်နေ့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၂၃ ခုနှစ် ဧပြီလတွင် အပူချိန်အနေဖြင့် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထက်ပူနိုင်ပြီး ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်မူ ပျမ်းမျှအပူချိန်သာရှိမည်ဟု ခန့်မှန်းထားကြသည်။ မည်သို့ပင်ဆိုစေကာမူ ယခုလို အပူချိန်မြင့်တက်လာနေသည့် ကာလများတွင် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် စားသောက်နေထိုင်ရင်း အပူကာလကို ရင်ဆိုင်ဖြတ်သန်းကြပါစို့ဟု အသိပေးရေးသားလိုက်ရပါသည်။ ။

ကိုးကား

၁။ ဦးအေးမောင် - ပထဝီစုံ
၂။ ရာသီဥတုပြောင်းလဲမှု ဝီကီးပီးဒီးယား
၃။ ၂-၄-၂၀၂၃ရက်နေ့ မိုးလေဝသသတင်း
၄။ ဇော်မင်းနိုင် - သတိ နေ့အပူချိန်များမြင့်တက်နေသည်(ဆောင်းပါး)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး မြဝတီမင်းကြီး (၁) လမ်း (၅၁)ရပ်ကွက် မြောက်ဒဂုံမြို့နယ် မဏိရတနာကျောင်းရှိ ရဟန်း၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအကြိမ် သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပသော ဒုတိယအကြိမ် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအေးထွန်းက ယခု ဒုတိယအကြိမ်ဖွင့်လှစ်သည့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာယဉ်ကျေးလိမ္မာသင်တန်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၏ သားငယ် သမီးငယ် ၅၅ ဦးနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၏ သားငယ် သမီးငယ် ၁၅ ဦး စုစုပေါင်း ၇၀ တို့ တက်ရောက်သင်ကြားကြမည် ဖြစ်ပါကြောင်း။

သင်တန်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ (၁)အပြစ်လည်းရှိ၊ ဆိုးကျိုးလည်းပေးတတ်သည့် မကောင်းမှုအကုသိုလ်များကို မပြောမိ၊ မလုပ်မိအောင် ရှောင်ကြဉ်တတ်ရန်၊ (၂)အပြစ်လည်းကင်း၊ ကောင်းကျိုးလည်း ပေးတတ်သည့် ကုသိုလ်ကောင်းမှုများကို မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည်ကို သင်ကြားပေးရန်၊ (၃) အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံသူများဖြစ်ရန်နှင့် (၄) ကိုယ်ကျင့်တရားကောင်းသည့် သားကောင်း သမီးမွန်လေးများ ဖြစ်စေရန်ပင် ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ တက်ရောက်ပြီး ဆရာများက ပို့ချသင်ကြားပေးလိုက်သည့် သင်ခန်းစာများကို သေသေချာချာ နားထောင်မှတ်သားထားမည်ဆိုလျှင် သားတို့၊ သမီးတို့သည် “အကြားအမြင် ဗဟုသုတ”အသိအလိမ္မာနှင့် ပြည့်စုံသည့်သူများ ဖြစ်သွားနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။ အဆိုပါ သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုင်းယုမြို့၌ သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲ သုံးရက်တိုင်တိုင် ကျင်းပရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

မိုင်းယု မေ ၂၂

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့တွင် သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲကို မေ ၂၉ ရက်မှ မေ ၁ ရက်အထိ သုံးရက်တိုင်တိုင် အဆိုပါမြို့၏ နမ့်လွေချောင်း သဲသောင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲကို ၂၀၁၉ ခုနှစ် မေလ၌ တစ်ကြိမ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပမှုကို ရပ်နားထားခဲ့ရသည်။ ယခုနှစ် မေ ၂၉ ရက်မှ မေ ၁ ရက်အထိ မြို့မရပ်ကွက် အနီးရှိ နမ့်လွေချောင်းနှင့် မိုင်းလွေကျေးရွာတို့တွင် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ကျင်းပနိုင်ရေးအတွက် ဒေသခံပြည်သူများက သဲသောင်ပြင်သို့ အလွယ်တကူဖြတ်သန်းသွားလာနိုင်ရန် ဝါးတံတားများ စုပေါင်း တည်ဆောက်ခြင်းနှင့် ဈေးဆိုင်များ တည်ဆောက်ခြင်းတို့ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲကို သဘာဝဘေးအန္တရာယ်အမျိုးမျိုးကျရောက်မှုမှ ကာကွယ်နိုင်သည့် အယူအဆများဖြင့် ရိုးရာနတ်များကို ပူဇော်ပသပြီး သုံးနှစ်တစ်ကြိမ် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၃)

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၁၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၆၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၆) ဦးအနက် (၁၉) ဦး၊ (၄၁.၃) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၇) ဦး၊ (၅၈.၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ
(၂၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု	လူနာသစ် (ဦးရေ)	ရာခိုင်နှုန်း
ပြည်ပမှဝင်ရောက်လာသူများ	(၁၉) ဦး	(၄၁.၃) %
ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ	(၂၇) ဦး	(၅၈.၇) %
စုစုပေါင်း	(၄၆) ဦး	(၁၀၀) %

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၈၆,၂၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၃၀၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဆီထွက်သီးနှံ မုန်ညင်းစေ့များ မန္တလေးဈေးကွက်တွင် ဈေးကောင်းများရရှိကာ အရောင်းသွက်

မန္တလေး မေ ၂၂

သင်္ကြန်အပြီးကာလ ယခုရက်ပိုင်းအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကလေး၊ ကလေးဝ၊ ဗန်းမော်၊ ကသာ၊ နောင်ချို၊ သီပေါ၊ ကျောက်မဲဒေသများမှ ဝင်ရောက်လာသည့် ဆီထွက်သီးနှံ မုန်ညင်းစေ့များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းအဝယ်များလည်း သွက်လက်မြန်ဆန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မုန်ညင်းစေ့ဈေးနှုန်းများမှာ ယခင်နှစ်ကာလတူအချိန်က ဆီမုန်ညင်းစေ့ တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ သာရရှိခဲ့သော်လည်း ယခုအချိန်တွင် ဆီမုန်ညင်းစေ့တစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀ ဈေးဖြင့် ဈေးကောင်းများရရှိကာ အရောင်းအဝယ်များလည်း သွက်လက်နေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“သင်္ကြန်အပြီးကာလ ဈေးကွက်ကို ဝင်ရောက်လာတဲ့ ဆီထွက်သီးနှံ မုန်ညင်းစေ့တွေဟာ အရင်နှစ်ကာလတူပေါက်ဈေးထက် ဈေးနှုန်းပိုမိုပြီး ကောင်းမွန်နေပါတယ်။ မုန်ညင်းက အရွက်စား၊ ဟင်းချက်မုန်ညင်းနဲ့ ဆီထုတ်လုပ်နိုင်တဲ့ ဆီမုန်ညင်းဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ ဆီထုတ်မုန်ညင်းကတော့ ဆောင်းသီးနှံအနေနဲ့ တစ်ရာသီပဲ စိုက်ပျိုးကြပါတယ်။ နိုဝင်ဘာလမှာ စတင်စိုက်ပျိုးပြီးတော့ ဇန်နဝါရီလမှာ ထွက်ရှိပါတယ်။ ဈေးကွက်ဝင်သီးနှံလည်း ဖြစ်ပါတယ်။ မုန်ညင်းစေ့ကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို နှစ်စဉ်တင်ပို့နေရပါတယ်။ လက်ရှိမှာ မုန်ညင်းစေ့ကို အိန္ဒိယဝယ်လက်တွေက ဝယ်ယူနေပါတယ်။ ဒါကြောင့် မုန်ညင်းကို တောင်သူတွေအနေနဲ့ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ တောင်ပေါ်ဒေသတွေမှာ ပိုမိုဖြစ်ထွန်းပါတယ်။ အရွက်စားမုန်ညင်းကတော့ နေရာဒေသမရွေး စိုက်ပျိုးနိုင်ပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ ဆီထွက်သီးနှံဖြစ်သည့် မုန်ညင်းကို တောင်ပေါ်ဒေသများဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း စသည့် ဒေသများတွင် အဓိကစိုက်ပျိုးထွက်ရှိပြီး ယင်းဒေသများမှ ထွက်ရှိသည့် ဆီမုန်ညင်းစေ့များကို မန္တလေးဈေးကွက်မှတစ်ဆင့် ကျန်ဒေသများသို့ ပြန်လည်ရောင်းချပေးကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

■

အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြုံယမ်း၏ ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်မှုများကို ကာကွယ်ရန် ဂျပန်နိုင်ငံက ဒုံးခွင်းဒုံးများ ဖြန့်ကြက်ရန်စီစဉ်

တိုကျို မေ ၂၂

မြောက်ကိုရီးယားနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်မှုများကို ကာကွယ်နိုင်ရန်အတွက် ဒုံးခွင်းဒုံးများကို ကြိုတင်ဖြန့်ကြက်ထားရန် ဂျပန်ကာကွယ်ရေးဝန်ကြီး ဟာမာဒါ ယာဆုကာဇုက ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို ညွှန်ကြားထားကြောင်း သိရသည်။

ပြုံယမ်းသည် နိုင်ငံ၏ ပထမဆုံးကာကွယ်ရေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး ဂြိုဟ်တုကိုလွှတ်တင်ရန် ပြင်ဆင်လျက်ရှိကြောင်း မြောက်ကိုရီးယားမီဒီယာက မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါကြေညာချက်ကို တုံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံက ဒုံးခွင်းဒုံးများ ဖြန့်ကြက်ထားရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ နှင့် ၂၀၁၆ ခုနှစ်များတွင် မြောက်ကိုရီးယားနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်များကို ပစ်လွှတ်ခဲ့သည်။ အဆိုပါ ဒုံးကျည်များသည် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါ စီရင်စုရှိ ဆာကီရှိမာကျွန်းစုအနီးရှိ ဒေသများပေါ်တွင် ပျံတက်သွားခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ဟာမာဒါသည် အိုကီနာဝါရှိ မြေပြင်အခြေစိုက် PAC3 ကြားဖြတ်စနစ်ဖြင့် လုပ်ဆောင်နေသော ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အား ဒုံးခွင်းဒုံးများကို ဖြန့်ကြက်ရန် ယနေ့ ညွှန်ကြားခဲ့သည်။

အဆင့်မြင့်ရေဒါစနစ်နှင့် ကြားဖြတ်ဒုံးကျည်များပါရှိသော Aegis ဒုံးကျည်ခြေရာခံစနစ်တပ်ဆင်ထားသည့် ဖျက်သင်္ဘောများကို အဆင်သင့်ရေချထားရှိရန် ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို အမိန့်ပေးခဲ့သည်။

ညွှန်ကြားထား

ထို့ပြင် မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်လည်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဟာမာဒါက ညွှန်ကြားထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ပြီး ပဲ့ထိန်းဒုံးကျည်များကို ဂျပန်နိုင်ငံ၏ လေပိုင်နက်အတွင်းသို့ ထပ်မံပစ်လွှတ်ပါက ဒုံးခွင်းဒုံးများဖြင့် ပဲ့ထိန်းဒုံးကျည်များကို ဖြိုခွင်းပစ်မည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

(၁၃)ကြိမ်မြောက် ပေကျင်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော် စတင်ကျင်းပ

ပေကျင်း မေ ၂၂

(၁၃)ကြိမ်မြောက် ပေကျင်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ပေကျင်းမြို့ရှိ Yanqi Lake International Convention & Exhibition Center တွင် ယနေ့ စတင်ကျင်းပကြောင်း သိရသည်။

တရုတ်ဒါရိုက်တာ Zhang Yimou ဦးဆောင်သည့် ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ ဆုရွေးချယ်ရေးအဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

နိုင်ငံနှင့် ဒေသပေါင်း ၉၃ ခုမှ စံချိန်တင် ရုပ်ရှင်ကား ၁၄၈၈ ကားကို ယခုနှစ် ပြိုင်ပွဲအတွက် လျှောက်ထားခဲ့ကြောင်း သိရသည်။ ၎င်းတို့အနက် Tiantan Award အတွက် ရုပ်ရှင်ကား ၁၅ ကားကို ရွေးချယ်ခဲ့သည်။

အကောင်းဆုံးရုပ်ရှင်၊ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံးအနုပညာပံ့ပိုးမှု၊ အကောင်းဆုံးဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးဇာတ်ပို့ဆုအပါအဝင် ဆု ၁၀ ဆုကို မေ ၂၉ ရက်တွင် ကျင်းပမည့် ရုပ်ရှင်ပွဲတော်ပိတ်ပွဲ အခမ်းအနား၌ ကြေညာမည်ဖြစ်သည်။

နိုင်ငံတကာရုပ်ရှင်ပြသခြင်းနှင့် အခြားသော ရုပ်ရှင်ဆိုင်ရာ ဖိုရမ်များကိုလည်း ပွဲတော်အတွင်း ကျင်းပမည်ဖြစ်သည်။

ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်သည် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ရုပ်ရှင်ဈေးကွက်ကြောင့် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရရှိလျက်ရှိသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ရုပ်ရှင်လက်မှတ်များ ရောင်းရငွေ စုစုပေါင်းသည် ယွမ် ၃၀ ဒသမ ၀၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံခန့်)ရှိကြောင်း တရုတ်ရုပ်ရှင် အုပ်ချုပ်ရေးအဖွဲ့ (China Film Administration) ၏ အချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

တောင်အာရှကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး အချက်အချာကျသည့် ဆိပ်ကမ်းအဖြစ် ကိုလံဘို ဆိပ်ကမ်းကို အဆင့်မြှင့်တင်မည်

ကိုလံဘို မေ ၂၂

သီရိလင်္ကာဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ဒေသတွင်းမြို့ပြအင်ဂျင်နီယာလုပ်ငန်းနှင့် China Merchants Port Holdings တို့သည် ကိုလံဘို ဆိပ်ကမ်းကို တောင်အာရှကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် အချက်အချာကျသည့် ဆိပ်ကမ်းတစ်ခုဖြစ်လာစေရန် အဆင့်မြှင့်တင်ပူးပေါင်းတည်ဆောက်ရန် ယမန်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆင့်မီဆိပ်ကမ်းတစ်ခုအဖြစ်

အဆိုပါ စီမံကိန်းသည် ခေတ်မီသော ထောက်ပံ့ပို့ဆောင်ရေးဗဟိုဌာနတစ်ခုတည်ထောင်ပြီး ကိုလံဘိုဆိပ်ကမ်းကို ဒေသတွင်း၌ အဆင့်မီဆိပ်ကမ်းတစ်ခုအဖြစ်မြှင့်တင်ရန် ကူညီပေးမည်ဖြစ်ကြောင်း ဆိပ်ကမ်းများ၊ သင်္ဘောနှင့် လေကြောင်းဝန်ကြီး နီမယ်လ်သီရိပါလာ ဒီဆီလ်ဗာက အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။

တရုတ်ကုန်သည်ကြီးများအဖွဲ့ (China Merchants Group) သည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေပြီး သီရိလင်္ကာ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်း တရုတ်ကုန်သည်ကြီးများအဖွဲ့ဥက္ကဋ္ဌ မီယိုကျင်မင်က ဆိုသည်။ တရုတ်ကုန်သည်ကြီးများအဖွဲ့က အဆိုပါ စီမံကိန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၉၂ သန်း ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ထောက်ပံ့ပို့ဆောင်ရေးသိုလှောင်ရုံကို တည်ဆောက်သွားမည်ဖြစ်ကာ ဒေသတွင်း၌ အရေးပါအချက်အချာကျသည့် ဆိပ်ကမ်းတစ်ခုဖြစ်လာစေမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း လက်ရှိအချိန်အထိ ၁၉၀၀၀ ကျော် သေဆုံး

လော့စ်အိန်ဂျလိစ် မေ ၂၂

အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း လက်ရှိအချိန်အထိ လူပေါင်းအနည်းဆုံး ၂၆ သန်း တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး ၂၉၀၀၀၀ ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံခဲ့ရကာ ၁၉၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယခုတုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါကြောင့် သေဆုံးသူများအနက် ကလေးငယ်စုစုပေါင်း ၁၄၃ ဦး ပါဝင်ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ မေ ၁၅ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်အတွင်း တုပ်ကွေးရောဂါကြောင့် လူပေါင်း ၂၀၀၀ နီးပါးဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် အသက် ခြောက်လနှင့်အထက် အသက်အရွယ်ရှိသူအားလုံး ပုံမှန်ထိုးနေကျဖြစ်သော တုပ်ကွေးရောဂါကာကွယ်ဆေးကို ထိုးနှံကြရန် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက အကြံပြုတိုက်တွန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိသည့် EI-6550 DV Standard X-Ray Baggage Scanner အပိုပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် မေ ၂၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က သတင်းအရ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်အနီးတွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်နှစ်စီးကို တားဆီး၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူပြီး အဖွဲ့စုံဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားတာယာ အဟောင်း ၁၉၃ ခုအပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၉၆၂၀၀၀) ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Diesel Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၆၂၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ (၁) ရပ်ကွက် နတ်စင်အင်း စာသင်ကျောင်းလမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၇၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၁၄၉၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ မေ ၂၀ရက်တွင် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့က သန်လျင်မြို့နယ် အမှတ် (၂) တံတား(ကုလားဝဲ) ထိပ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၈၁၄၉၂) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့် ၆၁ ရက်ကျော်လွန်သော Super Cornice Compound EC-98 ၇၈၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၇၀၀၀၀)နှင့် သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ရုံးသုံးစားပွဲအလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသည့် EI-6550 DV Standard X-Ray Baggage Scanner အပိုပစ္စည်းတစ်စုံ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၈၆၁၀၀၀)ကို လည်းကောင်း၊ မေ ၂၀ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Grace Ceramic Toilet Seat ၂၆၉ လုံး အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၇၀၀၀)နှင့် သွင်းကုန်လိုင်စင် မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့် ၆၁ ရက်ကျော်လွန်သော Plastic Resin ၉၉၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၁၁၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၃၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မေ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Dynam Battery ၁၉ လုံး အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၈၀၀၀) ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော Aung Zeya Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၇၃၉၄၉၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

■

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၅-၂၀၂၃ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောရှုက်သုတ်၊အဋ္ဌရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀	နံနက်ခင်းသတင်း
၀၈:၃၅	မင်္ဂလာမှုဆယ်
၀၉:၁၀	တရုတ်ကာတွန်း 'ဖြူဝင်စိတ်လှ' (အပိုင်း-၇)
၁၀:၀၀	သတင်းသမားပြောတဲ့ သတင်းစကား
၁၀:၃၀	'ပေရယ်' MRTV Orchestra သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်ထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၀	အသိပညာနှင့်အမှန်တရား
၁၃:၃၀	MRTV National News
၁၄:၀၀	မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ကျွန်းကလေးမှာ နှစ်ယောက်တည်း' (ကျော်ဟောင်မောင်သွင်၊မေဝင်းမောင်) (ဒါရိုက်တာ-စိန်ပေတင်)
၁၆:၄၀	Sports Diary
၁၇:၁၅	ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၈:၀၀	ပြည်တွင်းသတင်း
၁၉:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၁၀)
၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀	ဘဝနှင့်အနုပညာ 'မောင်သော်တနှင့် စကားမောင်နှင်းမိုးဖြစ်လာခဲ့သည့် ကိုတင်ကြီး' (အပိုင်း-၁)
၂၁:၃၀	ဆေးရောင်စုံရုပ်ရှင် 'အမှတ်တမဲ့မှ အမှတ်တရသို့' (ရန်အောင်၊ရာဇာနေဝင်း၊ဗိုလ်ဗိုလ်မြင့်အောင်) (ဒါရိုက်တာ-ခိုင်မြင့်အောင်)

mitv

07:01	Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:07	Myanmar Traditional Brass Embossed Painting
07:27	Wholesale Fish
07:33	Dragon Boats And Traditional Customs in Tanintharyi
08:01	News
08:28	Paper Toys
08:32	The Boat Trip to the Three Islands Around Ngwe Saung
08:49	Orchid Lover
09:01	Sarus Crane in Myanmar
09:12	Introductory Programme of Literary Award Winners (U Ye Dway)
09:35	Today Myanmar
09:47	Hsig Khaung Village in Hsihseng
10:01	News
10:27	Reconservation Thatbyinnyu Temple

MRTV NRC

ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
လုံယူးပွဲတော်

မွန် (၀၇:၀၀ မှ ၀၉:၀၀)
နော်ဘူဘောဆုတောင်းတောင်

ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
သာယာရှုမောဖွယ် ရမ္မာမြေ (အပိုင်း-၁)

ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
လူပျိုကြီးချက်တဲ့ ခရုဟင်း

'ဝ' (၁၃:၀၀ မှ ၁၅:၀၀)
လူငယ်နှင့်ပတ်ဝန်းကျင် (ဇာတ်လမ်းတို) (အပိုင်း-၂)

ကချင် (၁၅:၀၀ မှ ၁၇:၀၀)
ကျန်းမာပျော်ရွှင်ဖွယ် ရေပေါ်စက်ဘီးစီးရင်း အပန်းဖြေမယ်

ကယား (၁၇:၀၀ မှ ၁၉:၀၀)
ငှက်ပျောသီးရဲ့ကျန်းမာရေးအကျိုးကျေးဇူး

ပအိုဝ်းရှင် (၁၉:၀၀ မှ ၂၀:၀၀)
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁)

အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၇)

အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု

ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)
ဆီးချိုရောဂါအတွက် စားပေးသင့်သော သစ်သီးများ

MRTV NEWS

၀၆:၀၀	အဖွင့်၊ တေးသီချင်း
၀၆:၄၀	အားကစားသတင်း
၀၈:၃၀	နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅	မနောမြေကအိမ်ပြန်လက်ဆောင်
၀၉:၀၀	ပြည်တွင်းသတင်း (LIVE)
၀၉:၃၀	နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀	ပြည်တွင်းသတင်း (LIVE)
၁၁:၄၅	Next Level
၁၁:၀၀	စူးစမ်းရှာဖွေ ရေးဟောင်းအမွေ
၁၄:၀၀	MRTV National News
၁၄:၂၀	News Desk
၁၉:၄၅	ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ

MRTV PARLIAMENT

၀၉:၀၀	အဖွင့်၊ အလံ
၀၉:၃၀	ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
၁၀:၀၀	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀	ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀	နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀	အတွေးအမြင် (အပိုင်း-၆)

MRTV FARMERS'

၀၆:၀၀	အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂	တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀	သုတဝေစည်တောင်သူဆီ
၀၇:၁၀	တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုမှသည် မြင့်မားလုပကျေးလက်လူမှုဘဝဆီ
၀၇:၄၀	သတိပြုစရာကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ
၀၈:၀၀	စိုက်ပျိုးရေးရာအဖြေရှာ
၀၈:၂၀	ပြုံးပန်းဝေပြာတို့တောရွာ (ဇာတ်လမ်းတို)
၀၉:၁၅	စကားပြောသောပုံရိပ်များ

MRTV SPORTS

၀၆:၀၀	အဖွင့်
၀၆:၃၀	အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀	Sports News
၀၇:၃၀	Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅	အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀	ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀	ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများအား လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၂

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း၌ ယနေ့နံနက် ၁ နာရီခန့်တွင် လေပြင်းတိုက်ခိုက်မှုကြောင့် အဆိုပါမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာ ၉၄ ရွာတို့မှ နေအိမ် ၆၃၈ လုံး၊ စာသင်ကျောင်း ငါးကျောင်း၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဓမ္မာရုံ တစ်ခု၊ လျှပ်စစ်မီးတိုင် ကိုးတိုင်၊ စေတီတော် နှစ်ဆူ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံ နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်း၊ ရေစင်တစ်ခုနှင့် နတ်မောက်မြို့နယ်အတွင်းရှိ မြို့ပေါ်မှ ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၀ တို့မှ နေအိမ် ၂၉၆ လုံးတို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ယနေ့နံနက် ၁ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အောင်မြေသာစံမြို့နယ်၌ နေအိမ် လေးလုံး၊ လျှပ်စစ်မီးတိုင် ၂၄ တိုင်၊ စာသင်ကျောင်း နှစ်ကျောင်း၊ စေတီတော် နှစ်ဆူ၊ မော်တော်ယာဉ် ခြောက်စီး၊ မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာ၌ နေအိမ် သုံးလုံး၊ ဆူးကားကျေးရွာ၌ နေအိမ် ကိုးလုံး၊ ဥဒေါင်းကျေးရွာ၌ နေအိမ် ၁၆ လုံး၊ သပြေသာကျေးရွာ၌ စာသင်ကျောင်းတစ်ကျောင်း၊ ပေါက်ဝဲကျေးရွာ၌ နေအိမ် ၂၅ လုံး၊ ပုသိမ်ကြီးမြို့နယ် သရက်တစ်ပင်ကျေးရွာ၌ လျှပ်စစ်မီးတိုင် ခြောက်တိုင်၊ စေတီတစ်ဆူနှင့် သပိတ်ကျင်းမြို့နယ် ပေါက်တစ်ပင်ကျေးရွာတို့၌ နေအိမ် ခုနစ်လုံးတို့ အမိုးလန်၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့နံနက်ပိုင်းတွင် မန္တလေးတပ်နယ်နှင့် စလင်းတပ်နယ်တို့မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း များက သွားရောက်၍ အမိုးလန်ပြိုကျနေသည့် စာသင်ကျောင်းများနှင့် လူနေအိမ်များအား သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးတိုင်များအား ပြန်လည်ထူထောင်ပေးခြင်း၊ စေတီတော်များ မြေခနေမှုအား သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်း စသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက်နေ သဇင်အိ(ခ) သဲသဲသည် ၎င်းအသုံးပြုသည့် “Thazin Ei” Facebook အကောင့်၊ ဥဿာမြို့သစ်(၇)ရပ်ကွက်နေ ချောစံပယ်စိုးသည် ၎င်းအသုံးပြုသည့် “Jasmine Soe” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ ဝေလျှံဖြိုး (ခ) ဝီလီသည် ၎င်းအသုံးပြုသည့် “Wai Liang Phyo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ယဉ်ယဉ်မွန်သည် ၎င်းအသုံးပြုသည့် “MOE HTET Photo Studio & Photo Service” Facebook အကောင့်၊ မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်နေ မြတ်သူသူသည် ၎င်းအသုံးပြုသည့် “Myat Thu Thu” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နေ ကျော်စိုးနိုင် (ခ)ယာကွတ်သည် ၎င်းအသုံးပြုသည့် “KO LIN” Facebook အကောင့် တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မင်းလှမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်အိမ်များအား ထောက်ပံ့ငွေပေးအပ်

မင်းလှ မေ ၂၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မေ ၂၀ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ကညွှင်းကြီးကျေးရွာ၊ မလွန်စမ်းကျေးရွာနှင့် နဂါးအိုင်ကျေးရွာတို့မှ တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် အိမ် ၁၅ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းတို့အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေနှင့် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေများကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်နီလာဦးက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ထောက်ပံ့ငွေပေးအပ်ပွဲပြုလုပ်ခဲ့ရာ လေပြင်းတိုက်ခတ်မှုကြောင့်တစ်စိတ်တစ်ပိုင်းပျက်စီးသည့်ကညွှင်းကြီးကျေးရွာမှ အိမ်ခြောက်လုံး၊ မလွန်စမ်းကျေးရွာမှနေအိမ်တစ်လုံး၊နဂါးအိုင်ကျေးရွာမှ နေအိမ်ရှစ်လုံး၊ဘုန်းကြီးကျောင်းတစ်ကျောင်း စုစုပေါင်း အိမ် ၁၅ လုံးနှင့် ဘုန်ကြီးကျောင်းတစ်ကျောင်းအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိတို့က အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၉၆၆၀၀ စုစုပေါင်း ငွေကျပ် ၄၁၆၆၀၀ တို့ကို လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သည့်အိမ်များမှ မိသားစုဝင်များထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

○ ပရီမီယာလိဂ်မှ

ဆာကာက တစ်ဂိုးသွင်းယူပေးခဲ့ပြီး ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးတွေကိုတော့ တစ်မိနစ်မှာ အယ်လ်ကာရက်ဇ်ကတစ်ဂိုး၊ ၁၄ မိနစ်မှာ ဝဲလ်ကော့ကတစ်ဂိုးနဲ့ ၆၆ မိနစ်မှာ ကာလီတာကားက တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အာဆင်နယ်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခွင့်ရတဲ့ ဇင်ချန်ကိုကတော့ ပရီမီယာလိဂ် ပွဲစဉ် ၁၀၀ ပြည့်ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ပထမဆုံးယူကရိန်းကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ မေ ၁ ရက်က လိဒ်ယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး နောက်ပိုင်း လီဗာပူးအသင်းနဲ့ နှစ်ဂိုးစီသရေ၊ ဝက်စ်ဟမ်းအသင်းနဲ့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။

အဲဒီလို ပရီမီယာလိဂ်သုံးပွဲဆက် သရေရလဒ်ထွက်ပေါ်ထားတာကြောင့် ၃၂ ပွဲကစားပြီးချိန်မှာ ရမှတ် ၇၅ မှတ်ရရှိထားပြီး မန်စီးတီးအသင်းထက် နှစ်ပွဲပိုကစားထားကာ ငါးမှတ်သာ ဖြတ်ထားနိုင်ခဲ့လို့ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ဆုဖလားကို စိန်ခေါ်နိုင်ဖို့ ရှုန်းကန်ရဦးမှာဖြစ်ပါတယ်။

ငွေကြယ်

သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် ရဲမှူးအောင်မင်းတို့ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီးရင်ပြင်တော်ပတ်ဝန်းကျင်အား သန့်ရှင်းရေးလုပ်ငန်းများကို မေ ၂၂ ရက် နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြစဉ်။ ၂၁၀

ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။

ဟိုပန်မြို့၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

ဟိုပန် မေ ၂၂

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ မြသိန်းတန်သာသနာပြု ပရိယတ္တိစာသင်တိုက်တွင် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားသို့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ဖွင့်လှစ်ပြီး သင်တန်းနည်းပြဆရာတော် ဘဒ္ဒန္တ ပညောဘာသ အရှင်သူမြတ်က ဩဝါဒကထာ မိန့်ကြားတော်မူသည်။ ထို့နောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးညီနပ်က သင်တန်းသား သင်တန်းသူများကို စာရေးကိရိယာပစ္စည်းများနှင့် သင်တန်းစရိတ်ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အားဖြည့်အချိုရည်များကို ပေးအပ်ခဲ့သည်။ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကျွန်းလှမြို့နယ်၌ နွေစပါးဧက ၃၀၀ ကျော်စိုက်ပျိုးပြီးစီး

ကျွန်းလှ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၃၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

“ကျွန်းလှမြို့နယ်မှာ ဒီနှစ် နွေစပါးစိုက်ပျိုးဖို့ ဧက ၃၇၀ လျာထားပါတယ်။ လက်ရှိအချိန်အထိ ၃၃၁ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ နွေစပါးကို ယခုနှစ် ဖေဖော်ဝါရီလကစတင်ပြီး ကျေးရွာငါးရွာမှာ အဓိကစိုက်ပျိုးပါတယ်။ လျာထားချက် ပြည့်မီအောင် ဆက်လက်စိုက်ပျိုးနေကြပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နွေစပါးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း မျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ သွင်းအားစုပစ္စည်းများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး စပါး၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုး စိုက်ပျိုးကြကြောင်းနှင့် ပြီးခဲ့သည့်နှစ်တွင် နွေစပါး ၁၀၅ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း ၈၃ ဒသမ ၇၅ ရာခိုင်နှုန်း ထွက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

■

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၅-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၅၅	၂၁၀၀	၂၀၉၅	၂၀၆၀	၂၁၀၀	၂၁၂၅	၂၁၁၀	၂၀၈၅	၂၁၈၅	၂၂၀၀	၂၀၉၅	၂၁၀၀	၂၁၄၀	၂၁၄၀	၂၁၄၀	၂၃၇၀	၂၈၁၀
95 Ron	၂၁၄၅	၂၁၉၅	၂၁၉၅	၂၁၅၅	၂၁၉၅	၂၂၁၅	၂၂၀၀	၂၁၈၀	၂၂၇၅	၂၂၉၅	၂၁၈၅	၂၂၀၀	၂၂၃၀	၂၂၃၀	၂၂၃၅	၂၄၆၅	၂၈၈၅
HSD (500 ppm)	၁၉၇၅	၂၀၂၅	၂၀၂၀	၁၉၈၀	၂၀၂၀	၂၀၄၅	၂၀၄၀	၂၀၀၅	၂၁၂၅	၂၁၂၀	၂၀၁၅	၂၀၂၅	၂၀၆၀	၂၀၆၀	၂၀၆၅	၂၂၉၀	၃၁၀၀
HSD (50 ppm)	၂၀၅၅	၂၁၀၅	၂၁၀၀	၂၀၆၀	၂၁၀၀	၂၁၂၅	၂၁၂၀	၂၀၈၅	၂၂၀၅	၂၂၀၀	၂၀၉၅	၂၁၀၅	၂၁၄၀	၂၁၄၀	၂၁၄၅	၂၃၇၀	၃၁၃၀
HSD (10 ppm)	၂၀၅၅	၂၁၀၅	၂၁၀၀	၂၀၆၀	၂၁၀၀	၂၁၂၅	၂၁၂၀	၂၀၈၅	၂၂၀၅	၂၂၀၀	၂၀၉၅	၂၁၀၅	၂၁၄၀	၂၁၄၀	၂၁၄၅	၂၃၇၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၄၇	၂၀၂၀
95 Ron	၂၀၃၇	၂၁၁၁
HSD (500 ppm)	၁၈၇၄	၁၉၄၁
HSD (50 ppm)	၁၉၄၈	၂၀၁၆
HSD (10 ppm)	၁၉၄၈	၂၀၁၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာပြန်လည်မှတ်ပုံတင်ရန် အသိပေး စာတို (SMS) များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိပြီး ရက်ပေါင်း(၃၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှုရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်း သွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို(SMS)ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေး ကတ်အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူ လျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့်အဖွဲ့ဝင် များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရောဂါ ဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာ ဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ဂွတပ်နယ်ရှိ ဥစားကြက်၊ DYL ဝက်၊ နွား၊ ဆိတ်၊ ဥစားဘဲ စသည့် မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင် ရာသီသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ အားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကိုဆောင်ရွက် လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေး မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ် တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၅ မြို့နယ် တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီ ပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ကြသည်။

မိုင်းတုံမြို့ နမ့်တုံချောင်းရေစီးရေလာကောင်းမွန်ရေး သန့်ရှင်းရေး ဆောင်ရွက်စဉ်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ “မြို့ရွာ သန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း” စာသားတံဆိပ်ပါ တူညီဝတ်စုံ များ ဝတ်ဆင်ပြီး ပြည်ကြီးတံခွန်မြို့နယ် လောက မဏိစူဠာဘုရားဝင်းအတွင်း/ အပြင်၌ စုပေါင်းအမှိုက် ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက် တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများ ထံမှ အမှိုက်တစ်ပိသာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

"ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ"

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ သြဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ(၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်း ပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေ/ လှူဖွယ်ပစ္စည်းများကို ပြည်သူ့ရင်ပြင်၌ ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍လည်း ကြိုတင်စာရင်းပေးပို့ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်-

(၁)	ဦးမျိုးမြင့်အောင်	စီးပွားရေးရာဝန်ကြီး	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၀၉-၅၃၂၁၉၂၁
(၂)	ဦးညီညီမင်း	အတွင်းရေးမှူး	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၀၉-၄၂၈၄၆၀၀၈၂
(၃)	ဦးရဲထူး	ညွှန်ကြားရေးမှူး	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၀၉-၆၆၂၁၈၅၃၉၉

အခမ်းအနားကျင်းပရေးဦးစီးကော်မတီ

မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသအတွင်း ရေပျော်ငှက်မျိုးစိတ် ၅၅ မျိုး၊ ကောင်ရေ ၁၄၅၄၅ ကောင် စာရင်းကောက်ယူနိုင်

မိုးညှင်း ဧပြီ ၂၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် မတ်လအတွင်း ကျက်စားလျက်ရှိသော ဒေသရင်းရေပျော်ငှက်မျိုးစိတ်နှင့် ဒေသပြောင်းရွှေ့ ရေပျော်ငှက်မျိုးစိတ် ၅၅ မျိုး၊ ကောင်ရေ၁၄၅၄၅ ကောင်ကို စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သို့ အခြားသော အနယ်နယ်အရပ်ရပ်မှ ဒေသရင်း ရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသပြောင်းရွှေ့ ရေပျော်ငှက်မျိုးစိတ်များ လာရောက်ကျက်စားလျက်ရှိကြပြီး မတ်လအတွင်း စာရင်းကောက်ယူချက်အရ ဒေသရင်း ရေပျော်ငှက်မျိုးစိတ် ၂၁ မျိုး၊ ကောင်ရေ ၇၆၇၉ ကောင်နှင့် ဒေသပြောင်းရွှေ့ ရေပျော်ငှက်မျိုးစိတ် ၃၄ မျိုး၊ ကောင်ရေ ၆၈၆၆ ကောင် စုစုပေါင်း ငှက်မျိုးစိတ် ၅၅ မျိုး၊ ကောင်ရေ ၁၄၅၄၅ ကောင်ကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေးဝဲ/ယာနှင့် ဆက်စပ်ရေဝပ်ဒေသများရှိ ကိုင်းတောများအတွင်းသို့ အဖွဲ့များခွဲ၍ စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဆောင်းခို ရေပျော်ငှက်မျိုးစိတ်

ထိုသို့တွေ့ရှိရသည့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသပြောင်းရွှေ့ ရေပျော်ငှက်မျိုးစိတ်များသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဒေသရင်း ရေပျော်ငှက်မျိုးစိတ်တစ်မျိုးနှင့် ကောင်ရေ ၂၀၀ ခန့်ကို ပိုမိုစာရင်းကောက်ယူနိုင်ခဲ့ကြောင်း၊ မတ်လအတွင်း ထူးခြားသည့်အနေဖြင့် စင်ရော်ကြီး (Heuglin's Gull) ရေပျော် ငှက်မျိုးစိတ်သည်အခြားစင်ရော်ငှက်မျိုးစိတ်ထက် အကောင်အရွယ်အစား ပိုမိုကြီးမားပြီး ပင်လယ်စင်ရော်မျိုးစိတ်ဖြစ်၍ တစ်ခါတစ်ရံတွင် အခြားသော စင်ရော်မျိုးစိတ်များနှင့်အတူ လိုက်ပါလာတတ်ကြောင်း၊ ၎င်းငှက်မျိုးစိတ်ကို အင်းတော်ကြီးအိုင်တွင် ၂၀၁၇ ခုနှစ်က စတင်မှတ်တမ်းတင်ရရှိထားပြီးဖြစ်ပြီး ယခုနှစ်တွင် ပြန်လည်တွေ့ရှိခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်းနှင့် စင်ရော်ကြီး ငှက်မျိုးစိတ်သည် ဆောင်းခိုရေပျော်ငှက်မျိုးစိတ်များထဲမှ တစ်မျိုးအပါအဝင်ဖြစ်ကြောင်း သိရသည်။

အများဆုံးတွေ့ရှိ

အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် အများဆုံးတွေ့ရှိရသည့် ငှက်မျိုးစိတ်များမှာ ရေကြက်ဒုံ၊ စင်ရော်ခေါင်းညို၊ စင်ရော်ခေါင်းမည်း၊ ခရုစုတ်အနက်၊ ခရုတုတ်၊ တောင်န်း၊ ဘဲဖြူနက်၊ ဘဲနီစပ်၊ ဘဲမည်း၊ ဘဲအ၊ ပို့ချပ်ဘဲ၊ ဘဲငန်းခေါင်းကြား၊ ဂေါ်ပြားနှုတ်သီးပုံဘဲ၊ ကြိုးကြာခေါင်းမည်းနှင့် ဟသ်ာတို့ အများဆုံးတွေ့ရှိရသည်။

အင်းတော်ကြီးအိုင်သည် မြန်မာနိုင်ငံ၏ အလှဆုံးနှင့် အကြီးဆုံးကုန်းတွင်း ရေချိုအိုင်ကြီးတစ်ခုဖြစ်၍ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်လည်းဖြစ်ကာ နို့တိုက်သတ္တဝါမျိုးစိတ် ၄၇ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၉၁ မျိုး၊ ငါးမျိုးစိတ် ၉၅ မျိုး၊ ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက်မျိုးစိတ် ၄၀၀ တို့ နေထိုင်ကျက်စားလျက်ရှိကြကြောင်း အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

သတင်း - ရွှေမိုးညှင်း

ဓာတ်ပုံ - အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး

✻ ကျောဖုံးမှ

မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် ၉ လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၄၉၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ရိုးရာအနုပညာအမွေအနှစ်ထိန်းသိမ်းဖို့ အနုပညာအထက်တန်းကျောင်းများတက်ကြစို့

ညွန့်ဝင်း(နတ်တလင်း)

နိုင်ငံတော်အစိုးရက ပညာရေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူလတန်းမှ အလယ်တန်းအထိ (KG + 9) နှင့် မူလတန်းမှ အထက်တန်းအထိ (KG + 12) ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင်များ ပြန်လည်ဆောက်လုပ်ခြင်း၊ စာသင်ခန်းများ လုံလောက်စေရန် တိုးချဲ့ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပညာရေး အသုံးစရိတ်များကို တိုးမြှင့်ခွင့်ပြုပေးထားခဲ့ပြီး ဖြစ်သည်။ တစ်ဖန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ တာဝန်ယူသည့်အချိန်မှစပြီး KG+9 အထိ (အလယ်တန်းဆင့်ပြီးမြောက်သည်အထိ) မသင် မနေရပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၎င်းသည် အခြေခံပညာသင်ယူ မပြီးမြောက်မီ ကျောင်းထွက်နှုန်းလျော့ကျစေရန် နှင့် အခြားပညာရေးအဟောသိကံများ မဖြစ်စေရန် စီမံဆောင်ရွက်ခြင်းဖြစ်သည်။ ယခုတစ်ဖန် အခြေခံ ပညာအလယ်တန်းဆင့်သင်ယူဆဲ ကျောင်းသား ကျောင်းသူများအတွက် အနုပညာရပ်များနှင့်အတူ အထက်တန်းပညာကိုပါ တွဲဖက်သင်ယူနိုင်ရန် အနုပညာအထက်တန်းကျောင်းများ ဖွင့်လှစ် သင်ကြားပေးတော့မည်ဖြစ်သည်။

အနုပညာအထက်တန်းကျောင်း (မန္တလေး)၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပစဉ်။

> **အခြေခံပညာအလယ်တန်းဆင့်သင်ယူဆဲ ကျောင်းသား ကျောင်းသူများအတွက် အနုပညာရပ်များနှင့်အတူ အထက်တန်းပညာကိုပါ တွဲဖက်သင်ယူနိုင်ရန် အနုပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးတော့မည်ဖြစ်**
>
> **အနုပညာအထက်တန်းကျောင်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အတန်းပညာနှင့်အတူ အနုပညာကို သင်ကြားလိုသူ ကျောင်းသား ကျောင်းသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ပထမနှစ်) အတွက် ပန်တျာသင်တန်းနှင့် ပန်းချီပန်းပုအနုပညာသင်တန်းများသို့ တက်ရောက်ရန် လျှောက်ထားနိုင်ပြီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်သင်ကြားမည်

အနုပညာ အထက်တန်းကျောင်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အတန်းပညာနှင့်အတူ အနုပညာကို သင်ကြားလိုသူ ကျောင်းသား ကျောင်းသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ပထမနှစ်)အတွက် ပန်တျာသင်တန်းနှင့် ပန်းချီပန်းပုအနုပညာ သင်တန်းများသို့ တက်ရောက်ရန် လျှောက်ထားနိုင်ပြီဖြစ်သည်။ အဆိုပါ အနုပညာသင်တန်းများသို့ အခြေခံပညာအလယ်တန်းဆင့်သင်ယူဆဲ ကျောင်းသား ကျောင်းသူများ လျှောက်ထားခွင့်ရှိသည်။

ပန်တျာသင်တန်း၏ အနုပညာ (ဂီတ /သဘင်) သီးသန့်သင်တန်းသို့ အခြေခံပညာ သတ္တမတန်း (စနစ်ဟောင်း) အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာအဋ္ဌမတန်း (Grade 8 စနစ်သစ်) အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများ လျှောက်ထားတက်ရောက်နိုင်သည်။

ပန်တျာသင်တန်း၏ စာပေနှင့် အနုပညာ (ဂီတ / သဘင်) တွဲဖက်သင်တန်းသို့ အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများ လျှောက်ထားတက်ရောက်နိုင်သည်။

ပန်းချီ၊ ပန်းပုသင်တန်း၏ အနုပညာ(ပန်းချီ/ ပန်းပု) သီးသန့်သင်တန်းနှင့် စာပေနှင့် အနုပညာ (ပန်းချီ/ ပန်းပု)တွဲဖက်သင်တန်းသို့ အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများ လျှောက်ထားတက်ရောက်နိုင်သည်။

အထက်ဖော်ပြပါ သင်တန်းများကို တက်ရောက်မည့် သတ်မှတ်အလယ်တန်းအဆင့် အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများသည် အနုပညာနှင့်ပတ်သက်၍ ဂီတ သို့မဟုတ် သဘင် သို့မဟုတ် ပန်းချီ သို့မဟုတ် ပန်းပုပညာရပ်၏ အခြေခံပညာကို အသင့်အတင့် တတ်မြောက်ထားရမည်ဖြစ်သည်။ အသက်အားဖြင့် (၁၃) နှစ်မှ (၁၇) နှစ်အတွင်းရှိရမည်။ အထူးသဖြင့် စာပေနှင့် အနုပညာ တွဲဖက်သင်တန်းသို့ လျှောက်ထားသူ ကျောင်းသား ကျောင်းသူများသည် အနုပညာ ဘာသာရပ်အပြင် အခြေခံပညာအထက်တန်းပညာ ဘာသာရပ်များကိုပါ ပူးတွဲသင်ကြားခွင့်ရရှိမည် ဖြစ်သည်။ နိုင်ငံတော်က အနုပညာအထက်တန်း ကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကို ပညာသင်လများ တွင် တစ်ဦးအတွက် တစ်လလျှင် ကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့မည်ဖြစ်ပြီး သင်တန်းကာလ သုံးနှစ် ပြီးဆုံးပါက အနုပညာအထက်တန်းကျောင်း သင်တန်းဆင်းလက်မှတ် (Certificate) ပေးအပ်မည် ဖြစ်သည်။ စိတ်ပါဝင်စား၍ သင်တန်းလျှောက်ထား လိုသူများသည် အနုပညာဦးစီးဌာနသို့ ရုံးချိန်များ အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး ၂၀၂၃ ခုနှစ် မေလ နောက်ဆုံးပတ်အတွင်း နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

အနုပညာအဆင့်အတန်း မြင့်မားစွာရပ်တည်ခဲ့

မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သည့် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု အနုပညာများသည် ရှေးယခင် နှစ်များစွာကတည်းက သန္ဓေတည်ထွန်းကားခဲ့ သည်။ မြန်မာ့ရိုးရာ အဆို၊ အက၊ ဂီတ ယဉ်ကျေးမှု များကား ပုဂံခေတ်မတိုင်မီ ပျူခေတ်ကတည်းက အထင်အရှားတည်ရှိခဲ့ပြီး အနုပညာအဆင့်အတန်း မြင့်မားစွာ ရပ်တည်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က ပျူယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့သည် တရုတ်နန်းတော်သို့ သွားရောက်၍ အဆို၊ အက၊ ဂီတများဖြင့် တင်ဆက်ခဲ့သည်။ တရုတ်ကဗျာ ဆရာကြီးတစ်ဦးက ပျူတို့တင်ဆက်ခဲ့သည့် အနုပညာများကို ကဗျာရှည်ကြီးတစ်ပုဒ်ရေးဖွဲ့၍ ဂုဏ်ပြုရသည်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့သည်။ ရှေးမြန်မာ ပျူခေတ် မှာပင်လျှင် မြန်မာ့ရိုးရာ တူရိယာအမျိုးပေါင်း နှစ်ဆယ်ကျော်ရှိနေပြီဟု သိရသည်။ မြန်မာတို့သည် ထိုရိုးရာဂီတ၊ သဘင်အနုပညာများကို ပျူခေတ်၊ ပုဂံခေတ်မှသည် ယနေ့ခေတ်တိုင်အောင် အစဉ် အဆက်ထိန်းသိမ်းခဲ့ကြသည်။ ထိန်းသိမ်းနိုင်မှု စွမ်းအားသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင် လမ်းညွှန်မှုနှင့် နိုင်ငံသားတို့၏ မြတ်နိုးထိန်းသိမ်းမှု အပေါ်မူတည်သည်။ တစ်နည်းအားဖြင့် မိမိတို့ ရိုးရာယဉ်ကျေးမှု အနုပညာများကို နှစ်သက် တန်ဖိုးထားကာ ထိန်းသိမ်းမြှင့်တင်လိုမှုသည် အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုးသည့် စစ်မှန်သော မျိုးချစ်စိတ်ပေါ်တွင် မူတည်သည်။ နိုင်ငံတော်အစိုးရသည် ကျောင်းသားလူငယ်များ မိမိအမျိုးသားယဉ်ကျေးမှုအနုပညာများကို တွဲဖက် သင်ယူလျက် မျိုးချစ်စိတ်များ ကိန်းအောင်းလာ စေရန် လှေ့ကျင့်ပျိုးထောင်ပေးခြင်းလည်းဖြစ် သည်။

မြတ်နိုးအပ်သော ရိုးရာယဉ်ကျေးမှုများရှိမြဲဖြစ်

လူမျိုးတိုင်းတွင် မြတ်နိုးအပ်သော ရိုးရာ ယဉ်ကျေးမှုများရှိမြဲဖြစ်သည်။ မြန်မာလူမျိုးတို့တွင် လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရှိသည်။ ယဉ်ကျေးမှုဟုဆိုရာတွင် စာပေ၊ ဂီတ၊ ဇာတ်သဘင်၊ ရုပ်ရှင်၊ ရိုးရာဓလေ့ပွဲတော်များ၊ ပန်းဆယ်မျိုးဝင် လက်မှုအနုပညာများ၊ ဓလေ့ထုံးစံ များ စသည်တို့ပါဝင်သည်။ ထိုရိုးရာဂီတ၊ ဇာတ် သဘင် အနုသုခုမပညာများကို မျိုးဆက်သစ် တို့က ဆက်လက်ထိန်းသိမ်းရပေမည်။ ခေတ်ရေစီး ကြောင်းသည် ရပ်တန့်နေသည်မဟုတ်ရာ၊ ရိုးရာ ယဉ်ကျေးမှုအနုပညာများသည် တိုင်းတစ်ပါး ယဉ်ကျေးမှုများ ဝင်ရောက်လွှမ်းမိုးလာသည့်အခါ အားနည်းခြင်း၊ မေ့မှိန်ခြင်းများဖြစ်လာနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ များ၊ ရိုးရာဓလေ့ပွဲတော်များ ကျင်းပပေးခြင်းဖြင့် ဆက်လက်ခိုင်မြဲတိုးတက်အောင် ထိန်းသိမ်းပေး လျက်ရှိသည်။ ယခု အနုပညာအထက်တန်းကျောင်း များဖွင့်လှစ်၍ သင်ကြားပေးမည့်အစီအစဉ်သည် လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများကို ထိန်းသိမ်းခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းအမွေပေးခြင်း၊ ရိုးရာယဉ်ကျေးမှု အနုပညာများကို လူငယ်များ ချစ်မြတ်နိုးစိတ် မွေးမြူပေးခြင်းလည်းဖြစ်သည်။ ထိုသို့ ဆောင်ရွက် ပေးခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရုံသာမက ထွန်းကားပြန့်ပွားတိုးတက်မှုကိုလည်း ရရှိမည်ဖြစ် ပေရာ တစ်ချက်ခုတ် နှစ်ချက်သုံးချက်ပြတ်မည့် ပညာသင်ကြားရေးအစီအစဉ်တွင် စိတ်ဝင်စားစွာ ပါဝင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါ သည်။ ။

> **အနုပညာအထက်တန်းကျောင်းများဖွင့်လှစ်၍ သင်ကြားပေးမည့်အစီအစဉ်သည်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းအမွေပေးခြင်း၊ ရိုးရာယဉ်ကျေးမှုအနုပညာများကို လူငယ်များ ချစ်မြတ်နိုးစိတ် မွေးမြူပေးခြင်းလည်းဖြစ်**

ကိုးကား

၁။ အခြေခံပညာရေး လမ်းညွှန်ချက်များ။
၂။ နေ့စဉ်ထုတ်သတင်းစာများ။
၃။ ပညာရေး Website များ။

ဝတ္ထုတို



ပိုင်ပိုင်

(၁)

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဘေးက နယ်မြို့လေးတစ်မြို့။ ဘူတာရုံအနီးဝန်းကျင်မှာတော့ ဝန်ထမ်းအိမ်ရာများ။

ဝန်ထမ်းမိသားစုဝင်တွေရဲ့ ကလေးအများစုက ဖခင်ရဲ့လစာနဲ့ မလောက်တဲ့အတွက် ကျောင်းဆင်းချိန်ဆိုရင် ဘူတာရုံကိုပြေး၊ အစုန် အဆန်ရထားလာသရွေ့ရေ၊ ရေနွေး၊ ငုံးဥပြုတ်၊ ထမင်းထုပ်၊ ရာသီပေါ်သီးနှံတွေ ရောင်းချပြီး အိမ်စရိတ် ရှာကူကြပါတယ်။

ဝန်ထမ်းအိမ်ရာ လိုင်းခန်းအစွန်ဆုံးမှာ နေထိုင်တဲ့ မိသားစုလေးတွင် ဖခင်က ရထားလိုက်ဝန်ထမ်း၊ မိခင်က ကျန်းမာရေးမကောင်း၊ အကြီးမက ခပ်အေးအေး၊ အလတ်မက သွက်သွက်လက်လက်၊ အငယ်ကောင်လေးက အဆော့မက်တယ်။

ဖခင်ရဲ့လစာက မလောက်၊ မိခင်ဆေးဖိုးအမြဲရှာရတော့ ကျောင်းဆင်းချိန်တိုင်း ခုနစ်တန်းကျောင်းသူလေး မိလတ် ဘူတာရုံပြေး ဈေးရောင်းရတာပေါ့။

တစ်နေ့မှာ…

"မိလတ်…အမေ သွေးတွေသွန်နေပြီ"

"ဟာ..ကောင်လေး .. ဦးပု မြင်းလှည်းခေါ်၊ အမေ့ကိုဆေးရုံပို့၊ ငါပိုက်ဆံရှာပြီးရင် လိုက်ခဲ့မယ်၊ မကြီး လိုတာတွေထည့်လေ၊ မြန်မြန်လုပ် အမေ ဘာမှဖြစ်လို့မရဘူး"

အမေက အမျိုးသမီးရောဂါထင်ပါရဲ့။ ဦးပုမြင်းလှည်းလာတာနဲ့ အမေ့ကို ဆေးရုံတင်ဖို့ လိုတဲ့ပစ္စည်းလေးတွေပါယူပြီး မကြီးနဲ့ ကောင်လေး အမေ့ဘေးကနေပါသွားပါတယ်။ မိလတ်ခေါင်းပူနေပြီ။

ဆေးရုံက လိုအပ်တဲ့ဆေးတွေကို အပြင်ကဝယ်ခိုင်းမှာ။ အရင်တစ်ခါအမေ ဆေးရုံတက်တုန်းက ချေးထားတဲ့အကြွေးက မကျေသေး။ ထပ်ချေးလို့ရပ့ါမလား။ အံတင်းတင်းကျိတ်ထားမိတယ်။ အကူအညီတောင်းစရာအမျိုးတွေက အဝေးမှာ။ မကြီးထဲပါသွားတဲ့ ငွေငါးရာက ခဏနဲ့ ကုန်မှာလေ။

မကြာခင် ဆိုက်လာမဲ့ အစုန်ရထားမှာ ရောင်းဖို့ ဖရဲသီးစိတ်ကို ဗန်းထဲထည့်နေတုန်းမှာ…

"မီးမီး..အမေရော"

"အမေ့ကို ဆေးရုံပို့လိုက်ရတယ် ဦး"

ရုတ်တရက်ရောက်လာတဲ့ ဦးသီဟ။ အထက်ပိုင်းမှာနေသူ။ ကျောက်အရောင်းဝယ်လုပ်နေသူ အဖေ့မိတ်ဆွေ။ အိမ်ကို လေးငါးခေါက်လာဖူးတယ်။ သွက်လက်တဲ့ မိလတ်ကို သဘောကျနေတတ်သူ။ စာကြိုးစားဆိုပြီး လာတိုင်းမုန့်ဖိုးပေးတတ်တယ်။

"မီးမီး .. ဦးကို ကူညီမလား.. ဒီနေ့ ဘူတာထဲမှာ အထူးစစ်ဆေးရေးတွေရှိတာ သိလို့ ဦးက ကြိုတင်လာတာ။ အစုန်ရထားလာရင် အထက်တန်းတွဲ ထိပ်ဆုံးကခုံမှာ စီးလာတဲ့ အင်္ကျီအနီနဲ့ အစ်မကြီးဆီက ဆွဲခြင်းတစ်လုံးသွားသယ်ပေး။ လုပ်ပေးမလား"

ဟိုက်။ ခြင်းထဲမှာ ကျောက်တွေပါမှာ သေချာတယ်။ မိလတ် သွားသယ်နေတုန်း မိသွားရင်တော့ သွားပြီ။ မတတ်နိုင်ဘူး ပိုက်ဆံရဖို့ အရေးကြီးတယ်။

(၂)

ရထားဝင်တော့မယ်လို့ အချက်ပေးသံချောင်း နှစ်ချက် ခေါက်လိုက်တော့ မိလတ်ရင်ထဲ ဒိန်းခနဲပဲ။ အံကိုကျိတ်မာန်ကိုတင်းပြီး အဖေ့ပုဆိုးဟောင်းလေး ခေါင်းပေါ်တင်ပြီး သံလမ်းအရှေ့ဘက်ကူး၊ ရထားဆိုက်လို့ အထက်တန်းတွဲရပ်နိုင်မဲ့နေရာမှန်းပြီး အသင့်စောင့်နေလိုက်တယ်။ ဘူတာစင်္ကြံမှာလည်း အထူးစစ်ဆေးရေးအဖွဲ့တွေက တွဲပေါင်းစုံမှာ ရှာဖွေရေးလုပ်ဖို့အသင့်စောင့်နေကြတယ်။

ရထားလဲဝင်လာရော ဘီးမရပ်သေးခင်ကို အထက်တန်းတွဲ ထိပ်ဆုံးခုံက ခေါင်းပြူကြည့်နေတဲ့ အင်္ကျီအနီနဲ့ အစ်မကြီးကို ခြင်းကြီးပေးပါ အော်ပြောလိုက်တာ။

ရထားဘီးလည်းရပ်၊ မိလတ်ခေါင်းပေါ်လည်း ခြင်းကြီးက အင့်ခနဲရောက်။ လေးလံချက်ကတော့ ဇက်ကို ပုရော။ ကျောထဲကအရိုးကြီးက ခေါင်းပေါ်က အလေးချိန်ကို ထောက်ထားရလို့ စူးပြီး အတောင့်လိုက်ကြီးဖြစ်လို့၊ ခေါင်းပေါ်က ခြင်းကြီးကို လက်နှစ်ဖက်နဲ့ မြှောက်ကိုင်ထိန်းပြီး စက်မသတ်ဘဲရပ်ထားတဲ့ ရထားစက်ခေါင်းအရှေ့က ဖြတ်ကူးလိုက်တဲ့အခါ…

"ဟိတ်…ကလေး ခဏရပ်အုံး။ ဘာခြင်းကြီးလဲ"

အော်မေးပြီး အနားရောက်လာတဲ့ နယ်ထိန်းဦးလေးကြီး။ မိလတ်မျက်စိတွေပြာပြီး ချွေးတွေက ရွှဲနစ်လို့ အတွင်းက ရှင်မီးအင်္ကျီလေးတောင်မှ စိုအိနေရော၊ ရင်ထဲမှာတဒိန်းဒိန်းနဲ့ ဇက်ကပိုလေး၊ ကျောက ပိုအောင့်လာတယ်။ ပြေးလို့လဲ မလွတ်နိုင်ဘူးလေ။

"အထက်ကအဒေါ်တွေ လှူကြုံပါးလိုက်တဲ့ ခြင်းပါဦးကြီး။ အမေ ဆေးရုံတင်ရလို့သမီးတို့အတွက် ခေါပုပ်တွေနဲ့ဟင်းစားတွေပါ။ ဦးကြီး အိမ်စားဖို့ ယူသွားပါဦး"

"ဟေ…ညည်းအမေ ဆေးရုံတက်ရပြန်ပြီလား။ ဒုက္ခပါလားအေ..မယူပါဘူးအေ။ ညည်းတို့ပဲစားကြ။ ရော့ …"

မိလတ်တို့ မိသားစုအကြောင်း သိနေတဲ့ဦးလေးကြီးက ပြောပြီး အိတ်ကပ်ထဲက ပိုက်ဆံနှစ်ရာ ထုတ်ပေးတာကို ဖြတ်ခနဲယူပြီး သုတ်ခြေတင်လိုက်တာ အိမ်အနောက်နားက သစ်ပင်အကွယ်မှာ ရပ်ထားတဲ့ ဦးသီဟရဲ့ကားနားအရောက်ထိပဲ။

ဦးသီဟက ခေါင်းပေါ်ကခြင်းကြီးကို ချပေးပြီး ခြင်းအပေါ်က ခေါပုပ်ထုပ်တွေနဲ့ ပိုက်ဆံနှစ်ထောင်ပေးပြီး ခြင်းကို ကားနောက်ခန်းထဲထည့်ကာ အလျင်အမြန် ကားမောင်းထွက်သွားတာ ဘူတာထဲက ရထားကြီးတောင်မှ ပြန်မထွက်သေးဘူးရယ်။

အဖေ့ ပုဆိုးအဟောင်းလေးထဲ ထည့်ပြီးပွေ့လာတဲ့ ခေါပုပ်ထုပ်တွေကို မိလတ် ခါးတဝက်လောက်မြင့်တဲ့ အိမ်ဝရန်တာပေါ်ကို ထိုးတင်လိုက်ပြီး လှေကားပေါ် တက်မယ်အလုပ်မှာ ခြေထောက်တွေ မခိုင်တော့ဘူး၊ ကတုန်ကယင်နဲ့ ရင်ဘတ်ထဲ တလှပ်လှပ်နဲ့။ ပါးစပ်လေးဟပြီး အသက်ကို ဝအောင်ရှူ လေးဖက်ထောက်ကာ လှေကားပေါ် ရအောင်တက်ပြီး ဝရန်တာကြမ်းပြင်ပေါ် အရောက်မှာ ခွေခွေလေးလဲကျသွားတာ ဘာမှမသိတော့ဘူး။

(၃)

"မလတ်…ထ..ထ..အမေ့ကို မြို့ကြီးဆေးရုံ ပို့ရမယ်တဲ့။ ပိုက်ဆံရှာပြီး အမြန်လာတဲ့ မကြီးက"

"ဟင်…အေး။ ငါ့ကို ငှက်ပျောသီးတစ်လုံး ဖြုတ်ပေး၊ ရေတစ်ခွက်ရော ခပ်ပေး၊ နင်လဲ ဗိုက်ဆာနေမယ်။ ငှက်ပျောသီးစားခဲ့ ကောင်လေး"

အိမ်တိုင်မှာချိတ်ထားတဲ့ ငှက်ပျောသီးကို ဖြုတ်စားပြီး ရေလေးသောက်ကာ မောင်နှမနှစ်ယောက် ဆေးရုံကို ပြေးကြတယ်။

ဆေးရုံကိုပြေးနေရင်း အတွင်းက ရှင်မီးအင်္ကျီအိတ်ကပ်ထဲမှာ ပိုက်ဆံလေးပါတော့ မိလတ် အမေ့ကိုဆေးကုလို့ရပြီဆိုပြီး အားမာန်အပြည့်နဲ့ပေါ့။ အသင့်စောင့်ပေးနေတဲ့ ဦးပုမြင်းလှည်းနဲ့ပဲ ဆေးရုံက လွှဲစာယူပြီး သုံးမိုင်ပဲဝေးတဲ့ မြို့ကြီးဆေးရုံကို ဆက်သွားကြတယ်။

မြို့ကြီးဆေးရုံရောက်တော့ အရေးပေါ်သွေးသွင်း၊ သားအိမ်ခြစ်၊ လိုအပ်တဲ့ဆေးတွေ အပြင်က ဝယ်နဲ့ ကုသပေးကြတဲ့ ဆရာဝန်တွေကို မိလတ်တို့ မောင်နှမတွေ ထိုင်ကန်တော့ကြတယ်။

အမေ့အသက် မစိုးရိမ်ရတော့မှ မိလတ် အံကျိတ်ထားတာ လျော့နိုင်တော့တယ်။

"တော်သေးတာပေါ့။ အမေ သေပြီမှတ်တာ..မလတ်ရာ"

"ဘာ….သေစရာလား။ ငါ ပိုက်ဆံရှာနိုင်တယ်။ အမေ့ကို ကုပေးနိုင်တယ်။ သေပြီမှတ်စရာလား။ ကဲ…ဟယ်။ ဒေါက်…"

လျှာရှည်တဲ့ကောင်လေး ခေါင်းကို ဒေါက်ခနဲခေါက်ပြီး ပြောလိုက်တဲ့ မိလတ် စကားက အားမာန်အပြည့်နဲ့။ ပါလာတဲ့ ပိုက်ဆံတစ်ဝက်က ဆေးဖိုးနဲ့ပဲကုန်သွားပြီ။ မကြီးကို ကျန်တဲ့ပိုက်ဆံပေးပြီး အမေ့ကို စောင့်ဖို့ ဆေးရုံကြီးမှာ ထားခဲ့ကာ ဦးပု မြင်းလှည်းနဲ့ မောင်နှမနှစ်ယောက် အိမ်ပြန်ခဲ့ကြတယ်။

"မိလတ်….ညကြရင် ဒေါ်ကြီးအေးကို ညည်းတို့နဲ့ အိပ်ဖို့လွှတ်ပေးမယ်"

"ရတယ် ဦးပု။ မိလတ် မကြောက်တတ်ဘူး။ တံခါးလုံအောင်ပိတ်အိပ်မယ်။ မနက်ဖြန် ညနေ အဖေ ပြန်လာမှာပဲလေ"

တော်ရုံဆိုရင် မိလတ်က သူများအကူအညီ မယူတတ်ဘူးရယ်။

(၄)

နောက်ရက် ညနေ အစုန်ရထားနဲ့ အဖေ ပြန်ရောက်လာပါတယ်။ အမေ့ကို ဆေးကုတဲ့ပိုက်ဆံ ဘယ်ကရှာခဲ့လဲလို့ အဖေက မေးတော့၊ မိလတ် ဦးသီဟ ဆွဲခြင်းသယ်ပေးတာကို ပြောပြလိုက်တယ်။

"ဟား…ငါ့ သမီးလေးရာ။ မတော်လို့ မိသွားရင်တော့…"

အဖေ စိတ်မကောင်းဖြစ်သွားတယ်။

"အဖေ့… မလတ်က ကျောင်းထွက်မယ်တဲ့။ အဖေ့လစာနဲ့ ကြာရင် ငတ်မှာတဲ့။ အဖေက မသိတတ်ဘူးတဲ့။ အပိုကုန်အောင်လည်း သောက်စားပစ်တာတဲ့"

"ဘာပြောတယ်။ ငါ့သမီးလေး ကျောင်းမထွက်ရပါဘူး။ အဖေ သိပါပြီ။ အဖေကြိုးစားရှာပါ့မယ်။ အဖေ တစ်ကိုယ်ကောင်းမဆန်တော့ပါဘူး စိတ်အလို မလိုက်တော့ပါဘူး..အီး..ဟီးဟီး"

အဖေက ပြောပြီး ဝမ်းနည်းပက်လက်ငိုတော့ မိလတ်နဲ့ ကောင်လေးလည်း ငိုကြရော။ မိလတ်က ကျောင်းလုံးဝမထွက်ချင်တာပါ။ တစ်နှစ်တစ်တန်းအောင်ပြီး ဆယ်တန်းအောင်တာနဲ့ အလုပ်တစ်ခုဝင်မယ် စိတ်ကူးထားတာ။ ဘူတာမှာ ဈေးသယ်ဘဝနဲ့ မိလတ် မနေနိုင်ဘူး။

အခု အဖေက သူ့ကိုယ်သူပြင်မယ်၊ ကြိုးစားရှာဖွေမယ်၊ မိလတ် ကျောင်းမထွက်ရဘူးပြောတော့ ပျော်လိုက်တာ အားမာန်တွေကို တက်လာတာပဲ။ အဖေက အပြောညီပါတယ်။ အရက်လည်း မသောက်တော့ဘူး။ အပေါင်းအသင်းလည်း မမက်တော့ဘူး။ အမေလည်း ကျန်းမာရေး ပြန်ကောင်းလာတော့ အရင်လို စက်ပြန်ချုပ်နိုင်ပြီ။

အေးအေးလေးနေတတ်တဲ့ မကြီးရယ်၊ ပိုက်ဆံရအောင်ရှာတတ်တဲ့ မိလတ်ရယ်၊ အဆော့မက်တဲ့ကောင်လေးရယ် မိသားစုအနာဂတ်လေး မနက်ဖြန်တိုင်း လှပဖို့ အားမာန်တင်းရင်း ရှေ့ဆက်ကြမည် သန္နိဋ္ဌာန်ချခဲ့။ ။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

တို့ရွာကလေး

✧ တို့ရွာကလေး တိုးတက်အောင်
အားလုံးစုပေါင်း အကျိုးဆောင်၊
မခိုကပ်ပေါင် လက်မနှေး
အားလုံးကိုယ်စီ လုပ်အားပေး။
✧ တို့ရွာကလေး မြဲသာယာ
ကျန်းမာပျော်ရွှင် ချိန်တိုင်းမှာ၊
တစ်ဦးမေတ္တာ တစ်ဦးသ
ဖေးမကူညီ နေလာကြ။
✧ အိမ်လမ်းရွာလှ သန့်ရှင်းစေ
စည်းကမ်းထိန်းသိမ်း လူတိုင်းပေ၊
ကိုယ့်တာဝန်တွေ ကိုယ်စီပြု
ရိုးသားကြိုးစား နိုးကြားမှု။
✧ ကိစ္စတစ်ခု ခက်ခဲလျှင်
ဝိုင်းဝန်းဆွေးနွေး အဖြေဆင်၊
မငြိုငြင်ပါ ဘဝရေး
ကိုယ်ချင်းစာကာ မြော်မြင်တွေး
သာယာလှသည့် တို့ရွာလေး။ ။

ကိုရွှေတောသား(ဆင်ကူး)

လူ့ဂုဏ်ရည် လူ့တန်ဖိုး

မနာလို အမုန်းတရားတို့
နှလုံးသားမှာ ကင်းပါစေ။
မုဒိတာ စိတ်လေးလွှမ်းလို့
အေးချမ်းစွာနေ။
ဖြူစင်ခြင်း ချစ်သဒ္ဓါဝေ
မေတ္တာတွေ ဖြန့်ကြက်မိုး။
အများကျိုးကို ထူထောင်လျက်
ဆောင်ရွက်သယ်ပိုး။
လူ့ဂုဏ်ရည် လူ့တန်ဖိုး
တိုးတက်ဖို့ စိတ်ကြံဆောင်။
အတ္တတွေ ခဝါချလို့
မာနဖယ်ရှောင်။
အနာဂတ် လူတို့ဘောင်
သာယာအောင် ဖေးကူပေး။
စာနာကွယ် လူသားတိုင်းကို
ရိုင်းပင်းစေလေး။
ကရုဏာ ရင်မှာမွေးလို့
ကြင်နာမနေး လူ့ရပ်ပြည်။
ကောင်းရာကို တွေးကြံလျက်
ရှေ့ဆက်ကြမည်။
ခိုင်မြဲသော စိတ်ကြံစည်
အဓိဋ္ဌာန်တည် လျှောက်လှမ်းရင်း။
ကိုယ့်ဂုဏ်ရှိန် တန်ခိုးထွားဖို့
ကြိုးစားပါမင်း ။ ။

ရဲသွေးနီ(တက်ဝန်)

ဆောင်းပါး

ကရုဏာတရား မေတ္တာအားနှင့် မုဒိတာပွားလေသူ

လင်းနွေးအိမ်

ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာလောကကြီး၌ အတုလည်းမရှိ၊ အတူလည်းမရှိသောသူကို ပြောပြပါဆိုလျှင် ကျွန်တော်တို့အားလုံး၏ မိဘနှစ်ပါးမှလွဲ၍ အခြားရှိနိုင်မည် မဟုတ်ပါ။ “ကျေးဇူးကြီးလှ မိနှင့်ဖ” ဆိုသည့်အတိုင်း မိဘများ၏ ကျေးဇူးသည်ကား အင်မတန်မှ ကြီးမားလွန်းလှ၏။ အနန္တောအနန္တ ငါးပါးထဲ၌ တစ်ပါးအပါအဝင်ဖြစ်နေသည့် မိဘများ၏ ဂုဏ်ကျေးဇူးများကို အထူးသိတတ်သည့်အနေဖြင့် ကျွန်တော်တို့သည် နေ့ညအစဉ် ရှိခိုးပူဇော်အမှု ပြုနေကြခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံး၏ မိဘများသည် ရင်မှ မွေးဖွားလာသည့် သားသမီးများအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာများက စုန်ရေအသွင် စီးဆင်းနေမြဲဖြစ်၏။ သားသမီးများ၏ အရေးကိစ္စများတွင် စိတ်ရောကိုယ်ပါ ပါဝင်ဖြည့်စွမ်းပေးသူများလည်း ဖြစ်၏။ အဖေဆိုသူသည် အိမ်၏စားဝတ်နေရေး ကိစ္စများမှအစထား၍ မိသားစုနှင့်သက်ဆိုင်သည့်ကဏ္ဍ အသီးသီး၌ ရှေ့ဆုံးမှ ရပ်တည်ပေးနေသည်။ သားသမီးများ၏ ဘဝရှေ့ရေးအတွက်ကို မြော်တွေးမှုဖြင့် အဖေသည် သူ၏ဘဝကို ငြိမ်းအသွင် ဖန်ဆင်းပေးထား၏။ ထိုသို့ ကျွန်တော်တို့၏ အဖေဆိုသူသည် အဖေ့တာဝန်ကိုကျေပွန်သလို အမေသည်လည်း အမေ့တာဝန်ကို ကျေပွန်စွာ စွမ်းဆောင်ပေးနေမြဲဖြစ်၏။ “ကိုးလလွယ် ဆယ်လဖွား”ဆိုသည့်အတိုင်း အမေသည် ရင်သွေးသားသမီးအတွက် သူ၏ဝမ်းနှင့် ကိုးလ အထိလွယ်ကာ ဆယ်လမြောက်သည့်အချိန်၌ သေမင်းကို ရင်ဆိုင်အန်တုပြီး မွေးဖွားပေးခဲ့သူဖြစ်၏။ ချီးသေးသုတ်သင်ပေးမှုများမှအစထား၍ မှက်၊ ခြင်၊ ယင်စသည့် အန္တရာယ်များ မကျရောက်အောင်လည်း နွေးထွေးသောရင်ခွင်လွှာဖြင့် ဖုံးအုပ်ပေးထားပြန်၏။ အမေဆိုသူသည် သားသမီးများကို အနီးကပ်စောင့်ရှောက်ပေးသူလည်း ဖြစ်သည်။

လောကကမ္ဘာရှိလူသားအားလုံး၏ဘဝဖြစ်တည်မှုကို ဆန်းစစ်လေ့လာကြည့်လျှင် အမေဆိုသည့်ပုဂ္ဂိုလ်ထူးတစ်ဦးကတော့ ရှိနေကြစမြဲဖြစ်သည်။ တချို့သောလူသားများအဖို့ အဖေဟု ခေါ်ဝေါ်စရာလူ မရှိကြသည့်တိုင် ဝမ်းနှင့်လွယ်ပြီး မွေးထုတ်ပေးသည့် အမေဆိုသူကတော့ အထင်အရှားရှိနေ၏။

ကမ္ဘာပေါ်ရှိအမေတိုင်းသည် သားသမီးအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာများက အတူတူပင်ဖြစ်သည်။ ဟိုလူ့အမေက ပိုသည်၊ သည်လူ့အမေက သာလွန်ကောင်းမွန်သည်ဟူ၍ မရှိ။ အမေဆိုသူသည် လူ့လောက လူ့ကမ္ဘာ၌ မည်သို့သောရပ်တည်မှုဖြင့် ရှင်သန်နေထိုင်ရပါစေ၊ ကြမ်းတမ်းခက်ထန်လွန်းလှသည့်ဘဝ၌ပင် ကျင်လည်နေရသူတစ်ယောက်ဖြစ်နေပါစေ ဘဝ၏အဆင်မပြေမှုဆိုသည်များကြားမှ သားသမီးများအပေါ်ပေးနေသည့် ချစ်ခြင်းမေတ္တာများကတော့ လျော့ပါးမသွားသလို ပျောက်ကွယ်သွားခြင်းလည်းမရှိပါ။ ချစ်ခြင်းမေတ္တာများကို မွေးထုတ်ပေးနေသည့် အမေဆိုသူ၏နှလုံးသားသည် နဂိုရည်မပျက် ပုံစံမပျက် တည်ရှိနေမြဲဖြစ်၏။

“အတွေးကြွယ်လှတဲ့ ဈေးသည်မ အမေဟာလည်း အမေ”ဆိုသည်ကား ဈေးသည်မကြီးအမေကို ဆိုလိုခြင်းဖြစ်သည်။ အမေသည် ဂုဏ်သရေရှိ လူဂုဏ်တန်အသိုင်းအဝိုင်းထဲက မဟုတ်ပါဘဲ တစ်နေ့တစ်နေ့ ဈေးဗန်းလေးကို ခေါင်းပေါ်တင်ပြီး ဈေးအော်ရောင်းရသည့် ဈေးသည်မကြီးတစ်ဦး ဆိုပါစို့။ နုံချာလှသည့် ဘဝပေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း သားသမီးများအပေါ် ပေးစွမ်းသည့် ချစ်ခြင်းမေတ္တာများကတော့ ချို့တဲ့မသွား၊ လျော့ပါးမသွားပါ။ အစဉ်အမြဲ ကြင်နာနေဆဲ၊ ယုယနေဆဲဖြစ်၏။ ခက်ခဲကြမ်းတမ်းသည့် လောကဓံများကို ရင်ဆိုင်ဖြတ်သန်းနေရင်းက သားသမီးများအပေါ် မိခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာအပြည့်နှင့် အရိပ်မိုးပေးနေဆဲဖြစ်သည်။

“အကြောင်းတရား အခြေမဲ့ သူတောင်းစားအမေဟာလည်း အမေ”ဆိုသည်က အမေသည် သူတောင်းစားတစ်ယောက် ဖြစ်နေလျှင်လည်း အမေက အမေပါပဲဟု ဆိုလိုခြင်းဖြစ်သည်။ သူတောင်းစားဆိုသည့်အတိုင်း တစ်နေ့တစ်နေ့ ရပ်တကာရွာတကာကို လှည့်လည်ပြီး တောင်းရမ်းနေရသည့် ဘဝဖြစ်စဉ်၌ ကျင်လည်နေရသူဖြစ်သော်လည်း သားသမီးများအား ချစ်ခြင်းမေတ္တာများကို ဖောဖောသီသီပေးနေဆဲဖြစ်၏။ တကယ်တော့ သူတောင်းစားဆိုသူများသည် စားစရာဆန်မရှိ၊ သုံးစရာလည်း ပိုက်ဆံမရှိသည်မို့ အများတကာ၏ရှေ့မှောက်၌ အောက်ကျနောက်ကျခံပြီး အသနားခံ တောင်းရမ်းနေကြရသူများဖြစ်၏။ ထိုအခြေအနေသို့ ရောက်ရှိနေသည့်လူသားတစ်ဦးအဖို့ အရာရာ၌ သိမ်ငယ်စိတ်တို့က စိုးမိုးနေလိမ့်မည်ပင်။ သို့သော် သားသမီးများ၏ အရေးကိစ္စနှင့် ပတ်သက်လာလျှင်တော့ သူရဲကောင်းကြီးတစ်ဦး ဖြစ်နေတတ်၏။ သားသမီးများအပေါ်သို့ အမေတစ်ယောက်၏ချစ်ခြင်းမေတ္တာများသည် ပျက်ပြယ်သွားရိုးမရှိ။ ဖောဖောသီသီ ပေးစွမ်းနေမြဲဖြစ်၏။ သားသမီးများအပေါ် ချစ်နေဆဲ၊ မေတ္တာများပွားနေဆဲ။ သားသမီးများ၏ ဘဝရပ်တည်မှုလမ်းကြောင်း၌ ရှိနေတတ်သည့် ဆူးငြောင့်ခလုတ်များကိုလည်း အလေးထားကာ ဖယ်ရှားပေးနေမြဲဖြစ်သည်။

လောက၌ အားနွဲ့သော မိန်းမသားတစ်ယောက်အဖြစ်ရှိနေသည့် အမေဆိုသူသည် သားသမီးများအတွက်ဆိုပါလျှင် ကျားထက်လည်းလျင်မြန်၏။ ဆင်ကောင်ကြီးထက်လည်း ခွန်အားကြီး၏။ ရှေ့ရေးနောက်ရေးကို စဉ်းစားချင့်ချိန်မှုနှင့် ဉာဏ်ပညာကြွယ်ဝလှပါသည်ဆိုသော ကမ္ဘာကျော်ပညာရှိကြီးများထက်ပင် စဉ်းစားမြော်မြင်တတ်မှု ပိုမိုအားကောင်းနေတတ်ပြန်၏။

လောကကမ္ဘာတွင် သားသမီးများအပေါ်သို့ စုန်ရေအသွင် စီးမြဲစီးဆင်းပေးနေသော အမေ၏ ချစ်ခြင်းမေတ္တာများသည် ပန်းပမာမွှေးမြနေ၏။ စမ်းပမာနှယ် အေးမြစေ၏။ ငြိုငြင်မှုကင်းသော ချစ်ခြင်းမေတ္တာများ၏ စေစားရာသည်ကား သားသမီးများ၏ဘဝ ကောင်းစားရန်အတွက်သာဖြစ်သည်။ လောက၌ ချစ်ခြင်းမေတ္တာကို ခွဲခြမ်းစိတ်ဖြာကြည့်သော် သူငယ်ချင်းအချစ်၊ မောင်ချစ်နှမချစ်နှင့် သမီးရည်းစားအချစ်များဟူ၍လည်း ရှိနေပါသေးသည်။ သို့သော် ထိုအချစ်များသည်ကား တစ်စုံတစ်ခုကို အလိုမကျဖြစ်လာသည့်အခါ လျော့ပါးသွားတတ်သည့်သဘောရှိ၏။ အစွမ်းကုန် ချစ်နေကြမှုများမှလည်း အကြောင်းတရားတစ်ခုခုကြောင့် ကြက်ပျောက်ငှက်ပျောက်ဆိုသလို ပျောက်ကွယ်သွားတတ်ကြပြန်၏။ မည်သို့ဆိုစေ မိဘများ၏ သားသမီးများအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာများသည်ကား တိမ်ကောသွားရိုး မရှိ၊ ပျက်သုဉ်းသွားခြင်း မရှိ၊ ဘဝတစ်လျှောက်လုံး တည်တံ့နေမြဲဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်တို့၏ ဗုဒ္ဓမြတ်စွာဘုရားက လောက၌ မိဘများ၏ ချစ်ခြင်းမေတ္တာတရားသည်သာ အရာအားလုံးထက် အမြင့်မြတ်ဆုံးဖြစ်သည်ဟု ဟောကြားမိန့်ဆိုခဲ့ခြင်းဖြစ်လေ၏။ မိဘများ၏ ချစ်ခြင်းမေတ္တာများကို မည်သည့်အရာနှင့်မျှ တိုင်းတာ၍လည်း မရနိုင်သလို တန်ဖိုးဖြတ်၍လည်း မရနိုင်ပေ။

မြန်မာနိုင်ငံတွင် ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ် နှစ်စဉ်ကျင်းပမြဲ ဖြစ်သည်။ ထိုသို့ အထိမ်းအမှတ်တစ်ခုအဖြစ် ကျင်းပရခြင်း၏ရည်ရွယ်ချက်သည်ကား ကျွန်တော်တို့အားလုံး လူ့လောက လူ့ကမ္ဘာသို့ ရောက်ရှိလာကြမှုတွင် အဓိကစွမ်းဆောင်ပေးခဲ့သူဖြစ်သော အမေဆိုသူ၏ အဖိုးမဖြတ်နိုင်သည့် ဂုဏ်ကျေးဇူးတရားများကို ဂါရဝထား ဂုဏ်ပြုကြခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဆပ်၍မကုန်နိုင်သော ကျေးဇူးတရားများကို အစဉ်အမြဲ အောက်မေ့သတိရခြင်းနှင့်အတူ ပြန်လည်ဆပ်သိလိုစိတ်ရှိစေမှုအတွက်ကိုလည်း လှုံ့ဆော်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့ အားလုံးကိုယ်စီ၌ရှိနေကြသည့် အမေဆိုသည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်၏ ချစ်ခြင်းမေတ္တာများသည် မြင်းမိုရ်တောင်ကြီးထက်လည်း မြင့်မား၏။ ပင်လယ်သမုဒ္ဒရာကြီးထက်လည်း ကျယ်ပြော၏။ လောက၌ အလှပဆုံးအထိ ဖူးပွင့်ပေးနေကြသည့် ပန်းကလေးများထက်လည်း အမေ့မေတ္တာ၊ အမေ့စေတနာက ပို၍လှပဖြူစင်နေ၏။ သားသမီးများအတွက် အမြဲဆင်မြန်းပေးထားသည့် အမေ့မျက်နှာပေါ်မှ အေးမြသောအပြုံးသည်ကား ဘယ်ပန်းချီဆရာမှလည်း ရေးဆွဲ၍ လိုက်မမီနိုင်သလို မည်သည့်အလှတရားများနှင့်မျှလည်း ယှဉ်တု၍ မရနိုင်ပါ။

“မာတာပီတု ဥပဋ္ဌာနံ ပုတ္တဒါရဿ သင်္ဂဟော” ဆိုသည့်ပါဠိစကားလေးအတိုင်း မိခင်ဖခင်ကို အစဉ်အမြဲလုပ်ကျွေးပြုစုပေးကြရန် နှိုးဆော်တိုက်တွန်းလိုက်ပါသည်။ ဤတွင် လောကကမ္ဘာတစ်ခုလုံး၌ ဂန္ထဝင်စံပြအဖြစ်တည်ရှိနေသော အမေ၏ချစ်ခြင်းမေတ္တာ ကရုဏာနှင့် ကြင်နာနွေးထွေးမှုအပေါင်းကို အစဉ် မြတ်နိုးတန်ဖိုးထားသည့်စိတ်ဖြင့် ဂါရဝပြုဦးထိပ်ပန်ဆင်ကာ ကျွန်တော်တတ်အားသရွေ့ တင်ပြပေးလိုက်ရပါတော့သည်။ ။

ညောင်ရေသွန်းတဲ့ လကဆုန်

ပုရိုန်ပြင်းလို့ စွေ့စွေ့ခုန်
လေရူးလေးက တသုန်သုန်
ဆည်မြောင်းအကုန် ရေခြောက်ခန်း
ငုံအာဖူးကြ စံကားဝါပန်း
မိုးနံ့နံ့ ဖျန်း သင်းပျံ့မြေ
ထွက်ပေါ်လာတဲ့ လကဆုန်လေ
လွမ်းဖွယ်ရာတွေ စာစီပေး
မိုးသားကျူးစ ဤလလေး။
နွဲပျော်ကြသေး တို့ရိုးရာ
ညောင်ရေသွန်းကြ အစဉ်အလာ
ထူးမြတ်ချိန်ခါ ဗုဒ္ဓနေ့
ကဆုန်လပြည့် ဘယ်မမေ့။

အောင်ထိုက်(ရေစကြို)

ပုသိမ်-မုံရွာလမ်းနှင့်အတူ ဖွံ့ဖြိုးလာသော တိုင်းရောလူမှုစီးပွား

ဗညားဦး

ရွာစဉ်ရွာဆက်ချိတ်ဆက်ကာ မြို့ကြီးမြို့ငယ် အသွယ်သွယ်ဖြတ်သန်းပြီး တိုင်းဒေသကြီးလေးခုကို သွယ်ဆက်၍ အချိန်တို ခရီးတိုဖြင့် လမ်းပန်းသာအောင် ထမ်းဆောင်နေသည်မှာ ပုသိမ်-မုံရွာလမ်းမကြီးပင်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ် (ကံကလေး)မှအစပြု၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အထိ ဆက်သွယ်ပေးထားသော ပုသိမ်-မုံရွာလမ်းမကြီးသည် ၄၁၆ မိုင် ၆ ဖာလုံ ရှည်လျားပြီး ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း စသည့် တိုင်းဒေသကြီးလေးခုကို ဆက်သွယ်ပေးထားသည့် လမ်းမကြီးတစ်ခုဖြစ်သည်။

မြေပြန့်ပိုင်းအနေအထားရှိ

ပုသိမ်- မုံရွာလမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ၁၀၂ မိုင် ၃ ဖာလုံရှိသည်။ ပထဝီမြေအနေအထားအရ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး ရခိုင်ရိုးမအရှေ့ခြမ်း တောင်စွယ်တောင်တန်းများနှင့်အပြိုင် တောင်နှင့်မြောက်ဖောက်လုပ်ထားသဖြင့် မြေပြန့်ပိုင်းအနေအထားရှိသည်။ ပုသိမ် - မုံရွာလမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီး (National Highway NH-10) ဖြစ်ပြီး ယင်းလမ်းမကြီးမှတစ်ဆင့် ရန်ကုန် - ပုသိမ်လမ်း၊ ကျုံပျော်-အင်းမ-သုံးခွလမ်း၊ ဟသ်ာတ-နိဗ္ဗာန်-သောင်ကြီး-ကျုံပျော်-ရေကြည်လမ်း၊ လေးမျက်နှာ-အိုင်သပြု-ငါးသိုင်းချောင်းလမ်း၊ ငါးသိုင်းချောင်း (ရေနံ့သာ)- ငွလမ်း၊ လေးမျက်နှာ-ပန်းတောကြီးလမ်း၊ ထန်းပင်ကန်-ကွင်းကောက်လမ်း၊ မဲဇလီကုန်း- ကျွဲဇင်းလမ်း၊ အင်ပင်-လက်ပံကွင်း- ညောင်ခြေထောက်လမ်း၊ ကြံခင်း-ဘက်ရဲလမ်းများနှင့် ချိတ်ဆက်ပေးထားသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်သွယ်စီးဆင်းမှု ပိုမိုမြန်ဆန်စေသည့် အဓိကလမ်းမကြီးဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျောင်းကုန်းမြို့နယ်၊ အသုတ်မြို့၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ ငွမြို့နယ်တို့ကို ချိတ်ဆက်ပေးထားသည့်လမ်းဖြစ်သောကြောင့် မြို့တစ်မြို့မှတစ်မြို့သို့ လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်မည်ဖြစ်သည်။

ပုသိမ် - မုံရွာလမ်းမကြီး။

ပုသိမ် (ကံကလေး) -မုံရွာလမ်း (တောင်ပိုင်း) စီမံကိန်းအမည်ဖြင့် စတင်ဆောင်ရွက်

ပုသိမ် (ကံကလေး)- မုံရွာလမ်းကို ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် ပုသိမ် (ကံကလေး) -မုံရွာလမ်း (တောင်ပိုင်း) စီမံကိန်းအမည်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် မြေသားလမ်းအဆင့် ဆောင်ရွက်ပြီးစီးခဲ့ကာ ရာသီမရွေးသွားလာနိုင်ရန် ချောင်းကျောက် အမာခံလမ်းအဆင့်အထိ ဆောင်ရွက်ခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ စတင်၍ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

"တိုင်းဒေသကြီးတွေကို ချိတ်ဆက်ပေးထားတဲ့ ကွန်ရက်လမ်းမကြီးဖြစ်တဲ့အတွက် ဒီလမ်းကို အသုံးပြုတဲ့ပြည်သူတွေ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေဖို့အတွက် လမ်းအဆင့်မြှင့်တင်တာကို လမ်းဦးစီးဌာနအနေနဲ့ ဘဏ္ဍာနှစ်အလိုက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပဲ ကျွန်တော်တို့တာဝန်ယူဆောင်ရွက်ရတဲ့ တိုင်းဒေသကြီးအတွင်းရှိ လမ်းအပိုင်းကို နှစ်အလိုက်ရရှိတဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ အဆင့်မြှင့်တင်တာတွေကို ခရိုင်နှင့် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့တွေနဲ့ အပိုင်းလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေးဆောင်ရွက်ရာတွင် ကတ္တရာကွန်ကရစ် (AC) လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ကျရောက်လျက်ရှိသည့် ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနက ကျုံပျော်ခရိုင်နှင့် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၀) က အပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"ပုသိမ် - မုံရွာလမ်းက ကျွန်တော်တို့ဒေသဖွံ့ဖြိုးဖို့ အများကြီးအထောက်အကူပြုတဲ့လမ်းလို့ ပြောလို့ရပါတယ်။ ကိုယ့်တိုင်းဒေသကြီးက ထွက်တဲ့ထွက်ကုန်ကို ဒီလမ်းကနေတစ်ဆင့် မြန်မာပြည်အထက်ပိုင်းကို လွယ်လွယ်ကူကူပို့ဆောင်လို့ရတယ်။ လမ်းဆိုတာ ဖွံ့ဖြိုးမှုပြယုဂ်ပါ။ လမ်းကောင်းတော့ ပြည်သူစိတ်ချမ်းသာတာပေါ့"ဟု ပုသိမ်မြို့မှ ဒေသခံဦးငွေးနိုင်က ပြောသည်။

အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်

လမ်းဦးစီးဌာနသည် လမ်းများ တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ရာတွင် နှစ်ရှည်စီမံကိန်းတွင်ပါဝင်သော နိုင်ငံတကာနှင့်ဆက်သွယ်သည့်လမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းများကို မြေလမ်း/အမာခံလမ်း/ကျောက်လမ်းနှင့် ၃ ဒသမ ၆၆ မီတာ (သို့) ၅ ဒသမ ၅ မီတာအကျယ် ကတ္တရာလမ်းများအဆင့်မှ ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန် ဟူသည့်လုပ်ငန်းစဉ်များကို ချမှတ်ထားသည်။

"ပုသိမ် - မုံရွာလမ်းအခြေအနေကတော့ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဖြစ် ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် ဖောက်လုပ်ပြီးသားပါ။ အခုကတော့ လမ်းအကျယ်ချဲ့တဲ့လုပ်ငန်းတွေနဲ့ ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တဲ့လုပ်ငန်းတွေကို ဘဏ္ဍာနှစ်အလိုက် ရရှိဘဏ္ဍာငွေနဲ့ အကောင်အထည်ဖော်နေပါတယ်။ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်မှာ ၁မိုင် ၂ ဖာလုံ ၂၂၀ ပေကို ၁၈ ပေအကျယ်ကနေ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့တာနဲ့ ၁ မိုင် ၄ ဖာလုံ ၅၀၀ ပေကို ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းတာတွေဆောင်ရွက်ခဲ့ပါတယ်" ဟု လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၂၀ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကျော်အောင်က ပြောသည်။

ပုသိမ်-မုံရွာလမ်းအဆင့်မြှင့်တင်ပေးခြင်းအားဖြင့် လမ်းအသုံးပြုသူပြည်သူများ ပိုမိုအဆင်ပြေစွာ အသုံးပြုလာနိုင်သည်နှင့်အမျှ ကုန်စည်စီးဆင်းမှုကို များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။ ထိုသို့ ဒေသတွင်းကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူမြန်ဆန်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်စရိတ်လျော့ကျစေနိုင်သည့်အပြင် ဘက်စုံကဏ္ဍစုံတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဖော်ဆောင်ပေးနိုင်သည့် လမ်းမကြီးဖြစ်ကြောင်းနှင့် ယင်းလမ်းမကြီးသည် ရန်ကုန်မှ ငပလီသို့ ချိတ်ဆက်ပေးသည့်လမ်းဖြစ်သောကြောင့် နိုင်ငံ၏ခရီးသွားလာရေးကဏ္ဍကို အထောက်အကူပြုနေသည့် လမ်းမကြီးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

"ပုသိမ် - မုံရွာလမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ၁၀၂ မိုင် ၃ ဖာလုံရှိသည်။ ပထဝီမြေအနေအထားအရ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး ရခိုင်ရိုးမအရှေ့ခြမ်း တောင်စွယ်တောင်တန်းများနှင့် အပြိုင် တောင်နှင့် မြောက် ဖောက်လုပ်ထားသဖြင့် မြေပြန့်ပိုင်းအနေအထားရှိသည်။ ပုသိမ် - မုံရွာလမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီး (National Highway NH-10) ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်သွယ်စီးဆင်းမှု ပိုမိုမြန်ဆန်စေသည့် အဓိကလမ်းမကြီးဖြစ်"

ရှမ်းရွာသစ်မြို့ ပရေကြေတိုရေတံခွန်တွင် နွေရာသီအပူရှိန်မြင့်မားမှုကြောင့် ခရီးသွားပြည်သူ ၁၀၀၀ ခန့် နေ့စဉ်လာရောက် ရေကစားအပန်းဖြေ

ရှမ်းရွာသစ် မေ ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ရှိ ပရေကြေတိုရေတံခွန်သို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ နွေရာသီကာလတွင် ရာသီဥတုအပူရှိန် မြင့်မားမှုကြောင့် အပူရှောင်သည့် ခရီးသွားပြည်သူ ၁၀၀၀ ကျော်ခန့် နေ့စဉ် လာရောက် အပန်းဖြေရေကစားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က လှိုင်းဘွဲ့မြို့က မိသားစုလိုက် အပန်းဖြေလာရောက်ပြီး ရေကစားကြတာပါ။ အခုအချိန်မှာ နွေရာသီကာလဖြစ်တဲ့အတွက် အပူရှိန်အလွန်မြင့်မားမှုကြောင့် အပူရှောင်တဲ့အနေနဲ့ လာရောက်အပန်းဖြေ ရေကစားတာပါ။ အခုလို ရေတံခွန်မှာ ကျွန်တော်တို့သာမက အခြားဒေသတွေက ခရီးသွားဧည့်သည်တွေ လာရောက်အပန်းဖြေနေကြတာ ရှိပါတယ်။ နေ့စဉ် လူဦးရေ ၁၀၀၀ ကျော်ခန့် လာရောက်ကြောင်းလည်း သိရပါတယ်။ ပရေကြေတိုရေတံခွန်ဟာ ကရင်ပြည်နယ်ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တာကြောင့် ကရင်ပြည်နယ်အတွက် အများကြီးဂုဏ်ယူပါတယ်။ အပူရှောင်သူတွေအနေနဲ့လည်း တောတောင်တွေကြားမှာ သာယာလှပအေးချမ်းသော ပရေကြေတိုရေတံခွန်ကို လာရောက်အပန်းဖြေအနားယူကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု အပန်းဖြေလာရောက်သည့် ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

နေ့စဉ်စည်ကားလျက်ရှိ

ပရေကြေတို ရေတံခွန်သည် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စု ပရေကြေထကျေးရွာတွင် တည်ရှိပြီး ရှမ်းရွာသစ်မြို့မှ သုံးမိုင်ခန့်ကွာဝေးသော ကျောက်ထပ် ရှစ်ဆင့်ရှိ တောင်ကုန်း၊ တောင်တန်းများကြားမှ အေးမြကြည်လင်နေသော ရေများဖြင့် သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေတံခွန်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် ကရင်ပြည်နယ်အတွင်းရှိ ထင်ရှားသည့် ရေတံခွန်တစ်ခုဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အဖွဲ့လိုက် နေ့စဉ် လာရောက်အပန်းဖြေ ရေကစားကြကြောင်း၊ ရေတံခွန်တစ်လျှောက် ရေကူးကြသူများ၊ အရိပ်ရသစ်ပင်အောက်တို့၌ အပန်းဖြေအနားယူကြသူများ၊ ဓာတ်ပုံရိုက်ကူးသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

ရန်ကုန် မေ ၂၂

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို မေ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ပွဲစဉ်(၈)တွင် ရိုးမအသင်းနှင့် M-Million အသင်းတို့ ငါးဂိုးစီသရေကျခဲ့ပြီး လက်ဝဲသုန္ဒရအသင်းက Maryar အသင်းကို ခုနစ်ဂိုး-လေးဂိုး၊ Dream Team Legends အသင်းက NY အသင်းကို လေးဂိုး-တစ်ဂိုး၊ Red Eagles အသင်းက ရွှေပြည်သာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမအကျော့အပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည့် ရွှေပြည်သာအသင်းသည် ဒုတိယအကျော့ အဖွင့်ပွဲတွင် မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သည်။ ပထမအကျော့အပြီး ဒုတိယနေရာရပ်တည်ခဲ့သည့် လက်ဝဲသုန္ဒရအသင်းမှာမူ အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးနေရာ ရယူနိုင်ခဲ့သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

ရွှေပြည်သာအသင်းနှင့် Red Eagles အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၂

ရေဦး	၄၃	ဒီဂရီစင်တီဂရိတ်
မြင်းမူ	၄၃	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၃	ဒီဂရီစင်တီဂရိတ်
ချောက်	၄၃	ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

အန္တရာယ်သတိပေးခြင်း လမ်းညွှန်းများ





ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ပြန်လည်မွေးဖွားခြင်းနှင့် ဗုဒ္ဓဝါဒဆောင်းပါးများ

စာရေးသူ မောင်စစ်သွေး(ဆင်တဲဝ) စီစဉ်ရေးသားသည့် ပြန်လည်မွေးဖွားခြင်းနှင့် ဗုဒ္ဓဝါဒဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

ဘုရား၊ ရဟန္တာနှင့် အရိယာသူတော်စင်တို့မှလွဲ၍ ဤ ၃၁ ဘုံသားအားလုံးသည် သေသည်၏အဆုံး၌ ဘဝသစ်တစ်ဖန် ပြန်လည်မွေးဖွားကြရသည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ထို့ကြောင့် သေဆုံးခြင်းကို ဘဝတစ်ပါးကူးပြောင်းသွားခြင်းဟု ပြောဆိုနိုင်ပေသည်။ လူသတ္တဝါတိုင်းသည် သေဆုံးလျှင် ပြန်လည်မွေးဖွားရပေမည်။ အဘယ့်ကြောင့် ပြန်လည်မွေးဖွားရသနည်း။

ပဋိစ္စသမုပ္ပါဒ်တရားတော်အရ အဝိဇ္ဇာ၊ ကိလေသာ၊ တဏှာမကင်းသရွေ့ သက်ရှိသတ္တဝါအားလုံးတို့သည် ဘဝသံသရာ၌ သေခြင်း၊ မွေးဖွားခြင်းကို အဖန်တလဲလဲ တွေ့ကြုံနေကြရပေမည်။

ပြန်လည်မွေးဖွားခြင်း (Rebirth) နှင့် ပတ်သက်၍ အယူဝါဒကွဲပြားမှုများရှိသည်။ အချို့အယူဝါဒက သေဆုံးလျှင် ပြာဖြစ်ပြီး ဘာမှပြန်မဖြစ်ဟူသော ဥစ္ဆေဒဝါဒကို ယူဆကြသည်။ အိန္ဒိယနိုင်ငံတွင် ဝေဒန္တ (Vedenta) စသော ဂိုဏ်းဆရာကြီးများက ခန္ဓာကိုယ်ကြီးက သေသော်လည်း အတ်တမန် (Atman) ခေါ် ဝိညာဉ်ကောင်ကလေးက မသေဘဲ အခြားခန္ဓာတစ်ခုခုသို့ ပြောင်းသွားခြင်း (Reincarnation) ကို ယုံကြည်ကြသည်။ ခန္ဓာဆိုသည်မှာ လူခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ စသည်တို့ကို ဆိုလိုသည်။ ယင်းအယူဝါဒမှာ သဿတဒိဋ္ဌိဖြစ်၍ ဗုဒ္ဓဝါဒက လက်မခံချေ။

ပရမတ္ထသစ္စာအရဆိုလျှင် အတ်တမန်ခေါ် ဝိညာဉ်ကောင်ပုဂ္ဂိုလ်က ဝင်ရောက်သန္ဓေယူခြင်းမဟုတ်ပါ။ အတ္တကောင်၊ ဝိညာဉ်ကောင်က ခန္ဓာတစ်ခုနှင့်တစ်ခု ကူးပြောင်းမွေးဖွားခြင်း မဟုတ်ပါ။ သုတ္တန်ဒေသနာတော်အရ သေခါနီးပုဂ္ဂိုလ်သည် ဘဝတဏှာမကင်း၍ အဝိဇ္ဇာဖုံးပြီး ဘဝင်စိတ်ကို စုတိစိတ်ကလွှမ်းမိုး၍ စုတိစိတ်နောက် တစ်ဆက်တည်း ပဋိသန္ဓေစိတ်ကပ်၍ ဘဝသစ်ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။

စာအုပ်ကို ကြည်သန့်စင်စာပေ၊ အမှတ်(၆၁-A)၊ ရေကူးတောင်ပိုင်းလမ်း၊ အမှတ် (၉) ရပ်ကွက်၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၅၉၈၀၈၅၇ နှင့် ၀၉ ၆၇၉၆၄၂၇၀၀ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ သတ်မှတ်ထားသည်။



မျှော်လင့်ချက်က ရင်မှာအပြည့်နှင့် အခြားဝတ္ထုတိုများ

စာရေးသူ ဆန်းအောင် စီစဉ်ရေးသားသည့် မျှော်လင့်ချက်က ရင်မှာအပြည့်နှင့် အခြားဝတ္ထုတိုများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ ဖြတ်သန်းတွေ့ကြုံခဲ့ရသော ရုပ်ပတ်ဝန်းကျင်၊ စိတ်ပတ်ဝန်းကျင်ကို ကောင်းစွာ စိတ်ဝင်စားတတ်သူ၊ စေ့ငုတတ်သူဖြစ်သည်ဆိုသည့် အချက်ကား လုံးဝသံသယဖြစ်ဖွယ်မရှိပါ။ ထိုသို့ စိတ်ဝင်တစား စေ့ငုရာမှ သူသည် ပြင်ပဗဟိဒ္ဓအခင်းအကျင်းကိုကျော်ဖြတ်၍ အတွင်းသားအဇ္ဈတ္တကို မြင်လာလေသည်။ ထို့နောက် သူမြင်တွေ့သည့် ထိုအဖြစ်၊ ထိုအခင်းတို့အပေါ် သူခံစားသည်။ ခံစားရင်းဖြင့် သူ ထပ်၍ ထပ်၍ တွေ့သည်။ ထိုတွေ့မြင်ခြင်းများအပေါ် သူသည် သင်/မသင့်၊ လျော်/မလျော် တန်ဖိုးသတ်မှတ်ပါတော့သည်။ ထိုသတ်မှတ်ချက်များက ဝတ္ထုတိုများဖြစ်လာသည်။ ဟူ၍ ဆရာချစ်ဦးညို က အမှာစာတွင် ထည့်သွင်းရေးသားကောက်ချက်ချထားသည်။

ဆင်းရဲနွမ်းပါးလှသည့် ကျေးလက်နေ ရွာသူ၊ ရွာသားများနှင့် ထိတွေ့ခဲ့ရသော ဆရာဝန်တစ်ဦး၏ဘဝ၊ ပန်းရောင်းရင်းကျောင်းတက်ရသည့် ကလေးမတစ်ဦး၏ဘဝ၊ ငွေရလွယ်၍ အမှောင်ဘဝစွန့်လွှတ်သင့်/ မစွန့်လွှတ်သင့် စဉ်းစားဆုံးဖြတ်ခဲ့ရသော အမျိုးသမီးငယ်တစ်ဦး၏ ဘဝ စသည်တို့ကို ကလောင်သွားထက်ထက်၊ အရေးအသားသွက်သွက်ဖြင့် တစ်ကွက်ပြီး တစ်ကွက်၊ တစ်ပုဒ်ပြီး တစ်ပုဒ် လက်ကမချနိုင်အောင် ရသအဖုံဖုံ တို့ကိုပေးစွမ်းမည့် ဝတ္ထုတို ၁၆ ပုဒ်ကို စုစည်းဖော်ပြထားသည့် စာအုပ်တစ်အုပ် ဖြစ်သည်။

စာအုပ်ကိုJournalist Book Publishing ၊ တိုက်အမှတ် (B/8)-၄ လွှာ၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၂၆၁၇၇၈၆၀၇မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။



ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ

စာရေးသူ ညဏ်လင်းတင့် ပြုစုသည့် ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ စာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင် များစွာသော ယဉ်ကျေးမှုအထောက်အထားများသည် ယနေ့တိုင်ကျန်ရှိလျက်ရှိရာ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် သာသနိကအဆောက်အုံများသည် အထင်ရှားဆုံးဖြစ်သည်။ ပျူခေတ်တွင်တည်ခဲ့သည့် ဘောဘောကြီး၊ ဘုရားမာ၊ ဘုရားကြီးအစရှိသည့်အုတ်အင်္ဂတေ စေတီပုထိုးများမှသည် ရတနာပုံခေတ်တွင် တည်ခဲ့သည့် စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများအထိ မြန်မာတို့၏ ပြောင်မြောက်သောဗိသုကာလက်ရာများကို မြင်တွေ့နိုင်သည်။

သာသနိကအဆောက်အအုံဖြစ်သည့် စေတီပုထိုးများကို ကျောက်၊ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ခဲ့သော်လည်း ဘုန်းတော်ကြီးကျောင်းများကိုမူ အဖိုးတန်ကျွန်းသစ်များဖြင့်သာ အများဆုံးတည်ဆောက်၍ မြန်မာမှုလက်ရာ အမြောက်အမွမ်းများဖြင့် အလှဆင်ခဲ့ကြသည်။ ပျူခေတ်နှင့် ပုဂံခေတ်က တည်ဆောက်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များတွင် သစ်သားလက်ရာများ မကျန်ရှိတော့သော်လည်း ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်လက်ရာ သစ်သားအဆောက်အအုံများကိုမူ ယနေ့တိုင် ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။ သို့တိုင်အောင် ကျွန်းသစ်ဖြင့် တည်ဆောက်ခဲ့သည့် အချို့သော ဘုန်းတော်ကြီးကျောင်းများသည် စစ်ဘေးဒဏ်၊ မီးဘေးဒဏ်၊ ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်နှင့် အခြားသော ဘေးဒဏ်များကြောင့် ပျက်စီးပျောက်ကွယ်ခဲ့ကြသဖြင့် အကြွင်းအကျန် အစိတ်အပိုင်းများကိုသာ မြင်တွေ့ကြရတော့သည်။

စာအုပ်ကို ဦးသန်းမြင့် (၀၁၇၇၃) ပထမအကြိမ်၊ အုပ်ရေ-၅၀၀၊ မတ်လ၊ ၂၀၁၃ခုနှစ်ထုတ်ဝေသည်။

အာကာသရှေ့ခရီးနှင့် အခြားသိပ္ပံဆောင်းပါးများ

စာရေးသူ ထီလာစိုးမြင့်ထယ် စီစဉ်ရေးသားသည့် အာကာသရှေ့ခရီးနှင့် အခြားသိပ္ပံဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

မျက်မှောက်ကာလသည် သိပ္ပံဆိုင်ရာ အာကာသခေတ်ဖြစ်သဖြင့် လူတို့သည် မသိမကျွမ်းသေးသော အာကာသနယ်သို့ တဖြည်းဖြည်းတိုးချဲ့စူးစမ်းလာကြသည်။ အာကာသသွား ဒုံးပျံများ၊ အာကာသယာဉ်များ တီထွင်ထုတ်လုပ်လာကြသည်။ ကမ္ဘာ့အပြင်ထွက်၍ ယောက်ျားများရော မိန်းမများပါ အခေါက်ခေါက်အခါခါ ကူးချည်သန်းချည် သွားလာနေကြပြီ ဖြစ်သည်။

ရှေးအခါက အာကာသသို့ မော့ကြည့်ရင်း လူတို့ စိတ်ကူးယဉ်ကာ အမျိုးမျိုးတွေးတောကြံဆရုံသာ ကြံဆနိုင်ခဲ့ကြသည်။ ယခုမူ လက်တွေ့အကောင်အထည်ပေါ်နေပြီဖြစ်သည်။

အမေရိကန်လူမျိုး အာကာသသူရဲကောင်းများထဲတွင် ပထမဆုံးနှင့် အထင်ရှားဆုံးသော ကျွမ်းကျင်သူ သူရဲကောင်းမှာ ချတ်ယီဂါ (Chuck Yeager) ဆိုသူ အမျိုးသားသူရဲကောင်းဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် သူသည် ကမ္ဘာပေါ်၌ အသံထက်မြန်အောင် ပျံသန်းပြနိုင်သော ပထမဆုံးလူသားအဖြစ် သမိုင်းဝင်ထင်ရှားခဲ့သည်။

ထိုစဉ်က ကမ္ဘာပေါ်တွင် အသံ၏သွားနှုန်းထက် လူသားစင်စစ်က သာလွန်အောင် ပျံသန်းမောင်းနှင်ပြနိုင်ခြင်းမှာ အလွန့်အလွန်ဆန်းကြယ်သော ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။

ထိုစဉ်က ယီဂါသည် အသက် ၂၄ နှစ်သာရှိသေးသော လေယာဉ်မှူးတစ်ယောက်ဖြစ်သည်။ ထိုစဉ်က မည်သူတစ်ဦးတစ်ယောက်မျှ မရဖူးသေးသော သမ္မတထရူးမင်း၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံယူခဲ့ရသည်။ ထိုမှစ၍ သူသည် ခေတ်သစ်အာကာသနယ်ပယ်သစ်ကို ထိုးဖောက်သူအဖြစ် ထင်ရှားလာခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် သူသည် ကိုယ်တိုင် အတ္ထုပ္ပတ္တိစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ရာ ကမ္ဘာ့အရောင်းရဆုံး စာအုပ်တစ်အုပ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။

စာအုပ်ကို မိုးစွန်ကြယ်စာပေ၊ အမှတ်(၂၇.က)၊ (၅၅) လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၃၀၆၈၇၂၃ နှင့် ၀၉ ၇၅၂၃၆၈၇၂၃ တို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ သတ်မှတ်ထားသည်။

အနှစ် (၅၀) ကျော်ကာလ စာပေစာနယ်ဇင်းဘဝ ကြုံရဆုံရမှတ်မိသမျှ

စာရေးသူ မော်ကျွန်းစိုးမြင့် စီစဉ်ရေးသားသည့် အနှစ် (၅၀) ကျော်ကာလ စာပေစာနယ်ဇင်းဘဝ ကြုံရဆုံရ မှတ်မိသမျှစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သည်းထိတ်ရင်ဖိုကိုယ်တွေ့အမှုများ၊ သူတို့ဘဝ သူတို့အကြောင်း၊ ဆုံခဲ့သမျှ လမ်းစဉ်သတင်းဘဝ၊ စာပေစာနယ်ဇင်း အပေါင်းအသင်းရောင်းရင်းများ၊ ခရီးသွားအတွေ့အကြုံအဖုံဖုံ၊ မြို့တော်သတင်းမှာ ၁၆ နှစ်ကြာ၊ ထိပ်တန်းစီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ ရွှေသံလွင်မီဒီယာ သတင်းစာပညာသင်တန်းအမေးအဖြေများကို ရေးသားထားသည်။

အနှစ် (၅၀) ကျော်ကာလ စာပေစာနယ်ဇင်းဘဝ ပြောင်းလဲဖြစ်ပေါ်မှု သမိုင်းကြောင်းပုံရိပ်အထွေထွေနှင့် ကြုံရဆုံရ စာပေစာနယ်ဇင်း ကလောင်များစွာထဲမှ တစ်ဦးချင်းစီ၏ ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ်၊ ရင်ခုန်ဖွယ်၊ ကြေကွဲဖွယ်၊ သင်ခန်းစာယူဖွယ်၊ တရားသံဝေဂရဖွယ် အသွယ်သွယ် ဖြစ်ရပ်စုံ ဘဝဇာတ်လမ်းတို များကို တီဗွီဇာတ်လမ်းတွဲများ ကြည့်ရှုခံစားရသလို ခံစားရသည့် စာအုပ်ဖြစ်သည်။

တိုင်းကျိုးပြည်ပြု စာပေစာနယ်ဇင်းလောကအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ရုံမျှမကဘဲ စာပေစာနယ်ဇင်းမျိုးဆက်သစ်များအတွက်ပါ လက်စွဲပြုသင့်သည့် စာအုပ်လည်းဖြစ်သည်။

စာပေစာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူအများ စာဖတ်ဝါသနာပါလာစေရန် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေသည့် မျက်မှောက်ကာလအချိန်အခါတွင် ဤစာအုပ်မျိုး ထွက်ပေါ်လာရသည်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်သည်။

စာအုပ်ကို ပန်းမျိုးတစ်ရာစာပေ၊ တိုက်(၉)၊ အခန်း(၂၀၃-၂၀၄)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၂၀၂၃၇၂ နှင့် ၀၉ ၅၀၁၆၈၃၁ တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

မရွေးမီ

သိပ္ပံမောင်ဝ

တစ်ရံသောအခါ ဘိလပ်ရွှေမြို့တော်ကြီး၌ မြန်မာပြည် မျက်နှာစုံညီအစည်းအဝေးကြီးကို ကျင်းပလေသည်။ တိုင်းပြည်ခေါင်းဆောင်ဟူ၍ အခေါ်ခံကြကာ သူတို့ကို ဖိတ်၏။ သွားလိုက်ကြသည်မှာ တပျော်တပါး အားကျစရာကြီးဖြစ်လေသည်။ အစိုးရငွေနှင့် အင်္ဂလန်ပြည်သို့ သွားရသည်ကို မည်သူသဘောမကျဘဲနေအံ့နည်း။

ထိုမျက်နှာစုံညီအစည်းအဝေးပွဲ၌ တိုင်းရေးပြည်ရေးအကြောင်းများကို ဆွေးနွေးကြလေသည်။ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ရန်၊ အိန္ဒိယပြည်နှင့် တွဲထားရန်တို့ကိုလည်း တိုင်ပင်ကြလေသည်။ နောက်ဆုံး၌ အင်္ဂလိပ်နန်းရင်းဝန်အမတ်ကြီးက ခွဲရေး၊ တွဲရေးဆိုသည်မှာ ခေါင်းဆောင်တို့၏ အရာမဟုတ်။ တိုင်းသူပြည်သားတို့၏ အရာသာဖြစ်သည်ဟူ၍ ထုတ်ပြန်ကြေညာခြင်းကိုပြု၏။

ခေါင်းဆောင်ကြီးအပေါင်းတို့လည်း မြန်မာပြည်သို့ ခပ်သုတ်သုတ် ပြန်၍ကြွလာကြကုန်၏။ သူတို့တစ်တွေ မြန်မာပြည်သို့ရောက်သည့်နေ့မှစ၍ ခွဲရေး၊ တွဲရေးစခန်းထလေတော့သည်။ သတင်းစာ၊ မဂ္ဂဇင်းတို့တွင် ခွဲရေး၊ တွဲရေးအကြောင်းမပါလျှင် မပြီးတော့ပြီ။ ငြီးလောက်အောင်ပင် ရေးသားကြလေသည်။ ခွဲရေးတရားဟောဆရာတွေလည်း မနည်းပြီ။ တွဲရေးတရားဟောဆရာတွေလည်း အနန္တ၊ ကြံကြ၊ စည်ကြ၊ ပလီကြကုန်၏။

၂၁ ဦးခေါင်းဆောင် ဦးဘဖေနှင့် ဦးစောတို့က ခွဲရေးတရားကို ဟောလိုက်ကြသည်မှာ မြို့တကာ၊ ရွာတကာနှံ့လေတော့သည်။ ဒေါက်တာဘမော်နှင့် ဦးကျော်မြင့်တို့က တစ်စင်ထောင်ပြီးလျှင် တွဲရေးတရားကို ဟောကြပြန်၏။ ထိုတွဲရေးဘက်မှာပင် နှစ်သင်းကွဲပြားပြီးလျှင် ဦးချစ်လှိုင်နှင့် ဦးပေါ်ထွန်းတို့က တစ်စင်ထောင်ကြပြန်လေသည်။ ခွဲရေးဘက်မှာလည်း ဆာဂျေ၊ အေတို့က တစ်သင်းထောင်ပြန်၏။ သို့နှင့် တွဲရေးက နှစ်သင်း၊ ခွဲရေးက နှစ်သင်း အသင်းကြီးလေးသင်း ပေါ်၍လာလေသည်။ တောင်တွင်းကြီးမှာလိုများ ပေပင်လေးပင်ပေါက်သလား မပြောတတ်ပေ။ စုံစမ်းရန်သင့်၏။

ကံ၊ ဒွါရ ကွဲကြသည်နှင့်လည်းတူ၏။ ငှက်တွင်း၊ သုဓမ္မာ ကွဲကြသည်နှင့်လည်း တူလေသည်။ ခွဲရေး၊ တွဲရေးအကြောင်း ဟောလိုက်ပြောလိုက်ကြသည်မှာ တသောသောနှင့်နေတော့၏။ ထိုခွဲရေး၊ တွဲရေးတရားပွဲ စကားပွဲတို့မှာ ရှေးဦးစွာ မြို့များတွင် ခေတ်စား၏။ နောက်တောသို့ရောက်ရလေသည်။ တစ်လ၊ နှစ်လအတွင်း တစ်နိုင်ငံလုံးနှံ့၍သွားလေသည်။ အခွဲသမားကလည်း အခွဲကောင်းကြောင်း၊ အတွဲသမားကလည်း အတွဲကောင်းကြောင်း ဟောကြကုန်၏။ မည်သည်ကို ယုံရမည်မသိ။ တောသူတောင်သားတို့၏နားတွင် ဝါးတားတားနေလေသည်။ အခွဲသမားတို့၏စကားကို ကြားလိုက်ရပြန်လျှင် အခွဲကပင် ကောင်းနိုးနိုး၊ အတွဲသမားတို့၏စကားကို ကြားလိုက်ရပြန်လျှင် အတွဲကပင် ကောင်းနိုးနိုး၊ ထိုသို့သော တနိုးနိုးနှင့်ပင် ရက်တွေ၊ လတွေ အတော်ညောင်း၍လာခဲ့၏။

ရပ်ထဲ၊ ရွာထဲတွင် ခွဲရေး၊ တွဲရေးအကြောင်း အငြင်းအခုံ ဖြစ်ကြသည်မှာလည်း ဆူညံ၍နေတော့သည်။ ကံနှင့်ဒွါရ အငြင်းအခုံဖြစ်တုန်းကလိုလို၊ ကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလိပ်နိုင်မည်၊ ဂျာမန်နိုင်မည် စသဖြင့် ငြင်းကြသလိုလို၊ ခွဲရေး၊ တွဲရေး အငြင်းပွဲများတွင် ရန်ပင်ဖြစ်ကြလေသည်။ အဖေက တွဲရေး၊ သားက ခွဲရေး၊ အမေက ခွဲရေး၊ သမီးက တွဲရေး အိမ်တွင်းမှာပင် အငြင်းမစဲပြီ။

ကံ၊ ဒွါရ အငြင်းအခုံသည် ရဟန်းတော်များမှစလိုက်ရာ လူဝတ်ကြောင်များသို့ နှံ့၍ သွားလေ၏။ ခွဲရေး၊ တွဲရေးမှာ လူဝတ်ကြောင်များမှ စလိုက်ရာ ရဟန်းတော်များသို့ ရောက်၍သွားလေသည်။

ဤခွဲရေး၊ တွဲရေးစစ်ပွဲများတွင် ရဟန်းတော်များဝင်၍ နွှဲလိုက်သည်နှင့်တစ်ပြိုင်နက် ထိုအရေးမှာ ရှေးကထက်ပင် ကြီးကျယ်၍လာလေသည်။ ရှေးကထက်ပင် ရှုပ်ထွေး၍လာလေသည်။ ကျောင်းဒကာနှင့် ဘုန်းကြီး၊ ဘုန်းကြီးနှင့် ကျောင်းဒကာ များစွာအငြင်းပွားကြလေသည်။ တောင်တလုပ်ရွာ ဘုန်းတော်ကြီး ဦးဂန္ဓမာက တွဲရေး၊ သူ၏ ကျောင်းဒကာ ဦးလူလှက ခွဲရေးကို အသီးသီးကြိုက်ကြကုန်၏။ ဦးလူလှက ဘုန်းတော်ကြီး ဦးဂန္ဓမာအား ကျောင်းပေါ်မှ နှင်၍ချ၏။ ဘုန်းတော်ကြီး ဦးဂန္ဓမာက ဦးလူလှအား သပိတ်မှောက်လေတော့၏။ တောင်တလုပ်ရွာသားများကား အနေကျပ်လှ၏။ အချို့က ဘုန်းတော်ကြီးဘက်ဝင်၊ အချို့မှာ ကျောင်းဒကာနှင့်တွဲ။

မော်တော်ဘုတ်မောင်းသမား မောင်မင်းဟန်က မြန်မာပြည်ကို အိန္ဒိယနှင့်တွဲထားလျှင် ကုလားတွေအများအပြား မြန်မာပြည်သို့

“ရပ်ထဲ၊ ရွာထဲတွင် ခွဲရေး၊ တွဲရေး အကြောင်း အငြင်းအခုံဖြစ်ကြသည်မှာလည်း ဆူညံ၍နေတော့သည်။ ကံနှင့်ဒွါရ အငြင်းအခုံဖြစ်တုန်းကလိုလို၊ ကမ္ဘာစစ်ကြီး အတွင်းက အင်္ဂလိပ်နိုင်မည်၊ ဂျာမန်နိုင်မည် စသဖြင့် ငြင်းကြသလိုလို၊ ခွဲရေး၊ တွဲရေး အငြင်းပွဲများတွင် ရန်ပင်ဖြစ်ကြလေသည်။ အဖေက တွဲရေး၊ သားက ခွဲရေး၊ အမေက ခွဲရေး၊ သမီးက တွဲရေး အိမ်တွင်းမှာပင် အငြင်းမစဲပြီ”

လာသောကြောင့် မြန်မာများအလုပ်လက်မဲ့ဖြစ်မည်ဟု ပြော၏။ မော်တော်ဘုတ်ပေါ်တွင် စီးကာ လိုက်ပါလာသူ မောင်သာလူက မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်လိုက်လျှင် အင်္ဂလိပ်တွေ သင်္ဘောကြီးများနှင့် လာကြသောကြောင့် မြန်မာတွေ ယခုထက်ဆိုးမည်ဟု ပြောလေသည်။ မောင်မင်းဟန်က ဟားဟား ဟားဟားဟူ၍ ရယ်ကာ မော်တော်ဘုတ်ကိုရပ်ပြီးလျှင် မောင်သာလူကို နှင်ချ၏။ မောင်သာလူကလည်း မဆင်း။ လမ်းခုလတ်မှာ မဆင်းနိုင်ဟုဆိုကာ ထိုင်နေလေသည်။ ပိုက်ဆံလည်းပေးပြီးပြီ။ အခြားသူများက တောင်းပန်ကြရကုန်၏။

ဦးပဏ္ဍိနှင့် ဦးဘိုးမောင်တို့သည် ဧရာဝတီသင်္ဘောပေါ်တွင် ခွဲရေး၊ တွဲရေး ငြင်းကြရာမှ ခိုက်ရန်ဖြစ်ပွားကြ၏။ ထောင်းမည်၊ ကြိတ်မည်လုပ်ကြ၏။ ဦးပဏ္ဍိက သင်းပိုင်ကိုမ၏။ ဦးဘိုးမောင်က ခါးတောင်းကျိုက်လေသည်။ ဦးပဏ္ဍိ၏ လက်ထဲတွင် ဝါးတောင်ဝှေးတစ်ချောင်းကို ကိုင်ထား၏။ ဦးဘိုးမောင်၏ လက်ထဲတွင်ကား ဘိလပ်ရည်ပုလင်းများကို မြင်ရလေသည်။ တစ်သင်္ဘောလုံး ဆူညံဆူညံ။

ယူနီဘာစီတီ မြသန်းကြည်တို့၏ အငြိမ့်ပွဲတွင် ခတ်စံနှင့်ဦးဘေဒါကြီးတို့ ခွဲရေး၊ တွဲရေး ငြင်းကြ၏။ ခွဲရေး၊ တွဲရေးအကြောင်း ပြက်လုံးထိုးကြ၏။ တရုန်းရုန်းနှင့် နေလေသည်။ တဟားဟားနှင့် နေလေသည်။

မောင်သာဟန်၏ ဇာတ်ပွဲတွင် တွဲရေးအကြောင်း ပြက်လုံးထိုးမိသောကြောင့် အုတ်ပိုင်းသုံးပိုင်းကျ၍ ပွဲပျက်သွားလေသည်။

ငါးစိမ်းသည် မသာအိသည် ဟင်းရွက်သည် ဒေါ်စာဥအား ပါးနားရိုက်နေသည်ကိုမြင်ရ၍ တစ်ရွာလုံးက ဝိုင်းဖျန်ကြရလေသည်။ အဘယ်ကြောင့် ပါးနားရိုက်ရပါသနည်းဟု သူကြီးမင်းက မေးသောအခါ ခွဲရေး၊ တွဲရေး ငြင်းကြရာက ဖြစ်ကြောင်းပြောကြ၏။ မသာအိ ဒဏ်ငွေသုံးကျပ် အတပ်ခံရ၏။

ကာကာကလေးဆိုင်တွင် လူပျိုခေါင်း မောင်ပန်းအောင်တို့လူစု တွဲရေးစကားများကို ပြောပြီးလျှင် လက်ဖက်ရည် အကြွေးဝယ်သောက်ကြလေသည်။ ခမျာ ကာကာကလေးမှာ အကြွေးကျလွန်း၍ ဆိုင်ကို ပိတ်ထားရမလောက်ဖြစ်၏။ တစ်နေ့က ရွှေမျက်မှန်နှင့်ကိုယ်တော်တစ်ပါးသည် ကာကာကလေးဆိုင်တွင် ကာဖီသောက်ရင်း တွဲရေးတရားကို ဟောကြားနေလေသည်။

ကျုံတနီရွာသို့ တွဲရေးတရားဟောဆရာများ ရောက်လာကြ၏။ သူတို့၏တရားပွဲကို သွားကြသူများက မနည်းပေ။ ပြန်လာကြသောအခါ ရွာသားတချို့က ခွဲလိုက်လျှင် ချဉ်ပေါင်တစ်ပင်လျှင် အခွန်တစ်ပဲကောက်မည်ကို စိုးသည်ဟု ညည်းကြလေသည်။ ဆယ်အိမ်ခေါင်း မောင်သာလှက “ဒါဖြင့် ဘယ်သူ ချဉ်ပေါင်စိုက်မှာတုံး” ဟု ဆို၏။ သူကြီးမင်းကား အခွဲသမားလိုလို၊ အတွဲသမားလိုလို အနေရကျပ်လှ၏။

မကြာမီက အတွဲသမားများ သရက်ပင်ရွာသို့ တရားဟောရန်

လာကြရာ ခဲနှင့် အပေါက်ခံကြရသည်ဟု ကြားရ၏။ မောင်အောင်ဇံတို့လူသိုက်ကို ငွေတစ်ဆယ်ပေးလိုက်မှ အေးသွားလေတော့၏။ မောင်အောင်ဇံတို့လူစု တွဲရေးဘက်ပါတော့မည်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

လယ်သမား မောင်အောင်ဖြိုးတို့လူစု ချစ်တီးတိုက်တွင် ငွေသွားချေးရာ တွဲရေးဘက် မဲထည့်မှ ချေးမည်ဟုပြောသောကြောင့် ရန်ဖြစ်ပြီး ပြန်လာကြ၏။ မောင်နီတာ တစ်ယောက်သာ တွဲရေးဘက် မဲပေးမည်ဟု ဝန်ခံသောကြောင့် ငွေ ၁၀၀ ကျပ် ရခဲ့လေသည်။

တစ်နေ့က လွှဲကျိုးရွာတွင် ဘုန်းတော်ကြီး ဦးဝိဇယက မိမိ၏ တပည့်များအား တွဲရေးဘက် မဲပြားထည့်ရန် သစ္စာရေတိုက်၏။ ဘုန်းတော်ကြီးကို ကြောက်သောကြောင့် သောက်ခဲ့ကြလေသည်။ တစ်ရွာလုံးဆူနေလေပြီ။

ထိုခွဲရေး၊ တွဲရေး ပေါ်လိုက်သည်မှာ မြန်မာပြည်တွင် အတော်ပင် ရှုပ်ပွေ၍ သွားလေသည်။ ရန်သူမဖြစ်သင့်ဘဲ ဖြစ်ကြ၏။ စကားမများသင့်ဘဲ များကြ၏။ အငြင်းမပွားသင့်ဘဲ ပွားကြ၏။ အမှုမရောက်သင့်ဘဲ ရောက်ကြ၏။ အေးအေးဆေးဆေးကွဲလိုက်လျှင် မည်မျှကောင်းမည်နည်း။

နယ်ပိုင်မောင်လူအေးကား မိမိနယ်အတွင်း မည်သည့်အရပ်တွင် ခိုက်ရန်ဖြစ်ပွားမည်နည်း။ မည်သည့်နေရာတွင် အကြီးအကျယ် အဓိကရုဏ်းဖြစ်မည်နည်းဟူ၍သာလျှင် နားစွင့်ကာ နားထောင်နေရလေသည်။

မိမိကား အစိုးရအမှုထမ်းဖြစ်သောကြောင့် အာစေးမိလျက်နေတော့၏။ ခွဲရေးဘက် မပါရ။ တွဲရေးဘက်လည်း မပါရ။ ခွဲရေးကိုလည်း အားမပေးနိုင်။ တွဲရေးကိုလည်း အားမပေးနိုင်။ သို့သော် စိတ်ထဲ၌မူကား ခွဲရေးဘက်ကို စိတ်သန်သည်မှန်၏။ စိတ်ထဲ၌ ခွဲရေး၊ တွဲရေးဘက်ကို ပါသည်ကိုကား အစိုးရမင်းက ပိတ်ပင်ခြင်းမပြု။ အစိုးရမင်း၏ အပြစ်လွတ်ရုံ စိတ်ထဲတွင်သာ ခွဲရေးဘက်ပါလျက်နေလေသည်။ သို့သော် နှုတ်ကမူကား မှား၍မျှ မထွက်မိ။ တွဲရေးသမားတို့ ဟောသမျှကိုလည်း နားထောင်၏။ ခွဲရေးသမားတို့ ဟောသမျှကိုလည်း နားထောင်လေသည်။

ထိုခွဲရေး၊ တွဲရေးတွင် ဝင်စွက်ခြင်း မပြုရသော်လည်း ယင်းအရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်ရသည်မှာလည်း အားလှသည် မရှိပြီ။ ရွေးကောက်ပွဲကို မကျင်းပမီ လေး၊ ငါးရက်ကပင် ရွေးကောက်ပွဲကျင်းပရာ နေရာများကို စီမံရ၏။ ရွေးကောက်ပွဲတွင် ကြီးကြပ်မည့်သူများကို နေရာချရ၏။

အင်္ဂလိပ် ခရစ်နှစ် ၁၉၃၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ ၁၂ နာရီအချိန်တွင် ရွေးကောက်ပွဲတွင် ကြီးကြပ်ရမည့်သူများ မြို့ပိုင်ရုံးတွင် စုဝေးကြရလေသည်။ မြို့ပိုင်မင်း ဦးဘလှိုင်ကား မောင်လူအေးထက်ပင် အလုပ်များသေး၏။ ရွေးကောက်ပွဲတွင် လိုက်နာရန် စည်းကမ်းများကို ရှင်းလင်း၍ ပြရရှာလေသည်။

ရာဘက်ကြီး ဦးဘသော်လည်း ဦးဘလှိုင် ရှင်းလင်း၍ ပြနေသည်ကို နားမထောင်နိုင်။ မိမိအတွက် ယူရန်ရှိသော မဲစက္ကူများကိုသာလျှင် ကျကျနန ရေတွက်၍နေ၏။ မဲပြား သုံးပြား လိုနေသေးသည်ဟု ဆိုလေသည်။ မြို့ပိုင် ဦးဘလှိုင်မှာလည်း ရှင်းလင်း၍ ကောင်းတုန်းပင်။

ပညာအုပ် ဦးတင်မောင်ကား မဲစက္ကူများကိုလည်း မရေတွက်။ မြို့ပိုင်မင်း ရှင်းလင်း၍ပြနေသည်ကိုလည်း နားမထောင်။ ကုလားထိုင်ပေါ်တွင် အိပ်ငိုက်လျက်နေလေသည်။

နယ်ပိုင်ရုံးစာရေး မောင်ဖျန်စိန်နှင့် မောင်ဘကွန်းတို့ကား မောင်လူအေး၏အနားတွင် မဲစက္ကူများကို ရေတွက်၍ နေကြလေသည်။

ဘိလစ် မောင်ဘဆန်းနှင့် မြေစာရင်း အင်စပိတ်တော် ဦးဘိုးရုံတို့မှာ ဦးဘလှိုင် ဖတ်ပြ၊ ရှင်းပြနေသော စည်းကမ်းများကို နားမလည်နိုင်ကြသဖြင့် ခေါင်းကို ကုပ်နေကြလေသည်။

ဒုတိယမြို့ပိုင် ဦးလူခင်ကား မိမိ၏စာရေးများနှင့်အတူ မဲစက္ကူများကို ရေတွက်နေလေသည်။

စည်းကမ်းချက်များကို ရှင်းလင်း၍ပြီးလျှင် မဲပုံးများကို ဦးဘလှိုင်က ထုတ်၍ပေးလေသည်။ တစ်ယောက်လျှင် ခြောက်လုံးကျ ဖြစ်၏။ ကရင်အတွက် သုံးလုံး၊ မြန်မာအတွက် သုံးလုံးဖြစ်လေသည်။

မဲပုံးများကိုရသောအခါ အရာရှိတစ်သိုက်မှာ တညည်းညည်း တညူညူ မြို့ပိုင်မင်း၏ရုံးမှ ထွက်ခွာလာကြလေသတည်း။ ။

၁၉၃၃ ခုနှစ်၊ ဇန်နဝါရီ၊ ဂန္ထလောက။

“အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း”

ဒေါ်နန္ဒာစိုးမြင့်ဦး[နိုင်ငံသားအမှတ်-၉/ကပတ(နိုင်)၁၇၁၅၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဦးရန်တိုင်းအောင်(အဖ-ဦးကြံရွှေ)[နိုင်ငံသားအမှတ်-၂/လကန(နိုင်)၀၆၇၀၇၇]နှင့် ဒေါ်နန္ဒာစိုးမြင့်ဦး(အဖ-ဦးစိုးမြင့်ဦး)[နိုင်ငံသားအမှတ်-၉/ကပတ(နိုင်)၁၇၁၅၇၇]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် (၂၁-၄-၂၀၂၃)ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း၊ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်သက်ဆိုင်မှုမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆွေဆွေညိမ်း(LL.B, D.B.L,D.A. Psy)
တရားလွှတ်ရှေ့နေ(စဉ်-၃၅၃၀/၈၆)

ဒေါ်ဇင်မာ (LL.B)	**ဦးကောင်းထက်ဇော် (LL.B)**	**ဒေါ်ခိုင်သက်ဇင် (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၁၀၅၄၈/၁၅)	**(စဉ်-၁၅၉၈၉/၁၉)**	**(စဉ်-၄၄၅၈၈/၁၄)**

ရုံးအမှတ်-၁၄၅(ပ-အေ)၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၈၂၂၃၄၊ ၀၉-၄၅၆၀၀၂၈၂၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ် (၅၇) ဟုခေါ်တွင်သည့် (၈) ထပ်တိုက် အဆောက်အဦ၏ (၅)လွှာ/ဘီ အကျယ်အဝန်း ၁၂.၆ပေ × ၅၀ပေ ရှိ ရေမီး စုံလင်စွာပါရှိသည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိသည်ဟုဆိုလာသူ ဒေါ်သီတာအောင် (၁၂/စခန(နိုင်) ၀၂၁၉၃၉) နှင့် ဦးခင်အောင်ဇော် (၁၂/စခန(နိုင်) ၀၂၁၉၄၂) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များဖြင့် ယနေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိထားဖြူ
LL.B,D.B.L,D.I.L,MA (Business Law),D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၅၀၅)
အမှတ်-၁/ဒီ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၅၀၅၈၇၁

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၃-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၆)ဦးဖေယျ၏အရောင်းမြေပုံကူးတွင်လျှောက်ထားသူအမည်SPဦးဖေယျအစားSPဦးဖေယျာဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၈)ဦးမောင်မောင်၏ဂရန်ခွဲတွင်မြေကွက်အမှတ်-၃၅၁/ကနှင့်မြေကွက်လိပ်စာတွင်၃၅၁/က၊ရှင်စောပုလမ်းသွယ်(၁)၊၁၆/ရွှေပေါက္ကံရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန်(မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြေလမ်း၊ မြေလမ်းတာချဲ့ခြင်း၊ မြေလမ်းပြင်/ထိန်း၊ ကျောက်လမ်း၊ ကျောက်လမ်း ပြင်/ထိန်း၊ ကွန်ကရစ်လမ်း၊ ကွန်ကရစ်တံတား၊ ဘေလီတံတား Box Culvert နှင့် မြေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်	- ၂၄-၄-၂၀၂၃ (ရုံးချိန်အတွင်း)
(ခ)	တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ	- စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့။
(ဂ)	တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်	- ၁၉-၅-၂၀၂၃ ညနေ ၄:၃၀ နာရီ
(ဃ)	တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်	- ၁၉-၅-၂၀၂၃ ညနေ ၄:၃၀ နာရီ
(င)	တင်ဒါတင်သွင်းရမည့်နေရာ	- စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ (မုံရွာ) ဖုန်း-၀၇၁-၂၂၆၉၉၊ ၀၉-၄၀၀၄၁၉၈၁၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတေဇာနိုင်[၁၂/ဥကတ(နိုင်)၁၄၄၁၄၈] နှင့် ဒေါ်မီမီသန်းထိုက်အောင်[၁၂/ရကန(နိုင်)၀၇၂၅၅၁]တို့က ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးကျော့လမ်းနှင့် ဒဂုံရွှေမျှား(၂)လမ်းထောင့်၊ အမှတ်(၉၆၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြည်အေး(DI-၀၄၃၃၂၇)[၁၂/ဗဟန(နိုင်)၀၇၁၁၈၆]ထံမှ ဝယ်ယူရန်သဘောတူညီခဲ့ကြပြီးနောက် ယင်းမြေနှင့် အိမ်၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့် အိမ်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများကို ယူဆောင်၍ ယခုကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းဝယ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စုစုဖြိုး(စဉ်-၁၂၅၀၄) (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၈၄၅/ခ၊ ငွေစင်လမ်း၊ ၄၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း-09-792524708

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၉၇+၄၉၈)၊ မဟာဆွေ(၁)လမ်းဟု ခေါ်တွင်သော ပေအကျယ်(၅၀x၆၀)ပေ၊ ဒေါ်စန်းဌေး ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းဌေး [၁၄/မမက(နိုင်)၀၇၉၃၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဇော်[၁၄/လပတ(နိုင်)၁၂၄၉၅၅]မှ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်း အထောက်အထား(ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)
တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse
(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉

❂ ဆီးဂိမ်းမှ

အုပ်စုပွဲများကို မေ(၉၊ ၁၀၊ ၁၁)ရက်တွင် သုံးရက်ဆက်တိုက် ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် အုပ်စုလေးပွဲနှုန်း ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မေ ၉ ရက်တွင် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး မေ ၁၀ ရက်တွင် ထိုင်းအသင်း၊ မေ ၁၁ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ သုံးလကြာ သွားရောက်လေ့ကျင့်ထားသည်။ မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ယခုအကြိမ်မှသာ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။ **ကိုညီလေး**

အောင်စကြာရတနာခာတ်နန်း
အမှန်ဟော ဆရာစကြာအောင်ပွင့်ခေါင်
မနောဗေဒပညာ

နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၂:၀၀) နာရီ
အမှတ် (၉၅၆)၊ ယဿဝတီ (၁၂)လမ်း၊
(၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်းနံပါတ် - ၀၉ - ၂၅၀၅၀၄၁၄၄
၀၉ - ၇၃၁၅၆၀၆၁
၀၉ - ၂၅၂၆၀၀၅၆၇
တစ်နေ့(၁၀)ဦးသာ ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ကယားပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃ - ၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှ အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	Lot	လုပ်ငန်းအမည်
(က)	Lot (1)	မယ်စဲ့ခရိုင်စုပေါင်းရုံး (၀)အဆင့် RC(၂)ထပ် တည်ဆောက်ခြင်းလုပ်ငန်း စတုရန်းပေ (၂၂၀၀၀)
(ခ)	Lot (2)	အားကစားနှင့်ကာယပညာသိပ္ပံကျောင်း သစ်သားပွဲကြည့်စင်(၂)ခုအဆင့်မြှင့်တင်ခြင်း လုပ်ငန်း(၁၅၆/၁၃၅x၃၈x၂၈)ပေ
(ဂ)	Lot (3)	ပြည်နယ်အစိုးရအဖွဲ့ရုံး (၂)ထပ်ဧည့်ရိပ်သာ တည်ဆောက်ခြင်းလုပ်ငန်း(၁၁၀ x ၅၈)ပေ

၂။

တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်	- (၂၃-၄-၂၀၂၃)ရက်နေ့မှ (၇ - ၅ - ၂၀၂၃)ရက်နေ့ထိ
တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်နှင့်အချိန်	- (၈- ၅-၂၀၂၃) ရက်နေ့ (၁၆:၀၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ	- ကယားပြည်နယ်အစိုးရအဖွဲ့ရုံး

တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်နေရာတို့အား ထပ်မံကြေညာပါမည်။

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ၀၈၃-၂၂၂၄ ၀၀၀၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ကယားပြည်နယ်အစိုးရအဖွဲ့ရုံး

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၁၁)ဟုခေါ်တွင်သော မြေအကျယ်ပေ(၂၀x၆၀)မြေနှင့်အိမ်(ဂရန်မိတ္တူ) အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဝင်းလွင်ညွန့်(AC-036373)အမည်ဖြင့် မှတ်သားထားပြီး အရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ဦးစိုးလှ[၁၂/မရက(နိုင်)၀၀၅၆၇၀]ကိုယ်တိုင်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်က အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းဝါ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၄၈၂၄)
အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်
(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ လူနေရပ်ကွက်(၅၃)၊ နှင်းဆီမြိုင်လမ်း၊ မြေကွက်အမှတ်(၁၆၈၉/က)၊ မြေအကျယ်(၂၁၁/၂ပေx၆၀ပေ)ရှိ နေအိမ်အပါ အဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ်(၆၀)မြေငှားဂရန်စာချုပ်တွင် ဦးရန်မျိုးအောင် အမည်ပေါက် အဖြစ်တည်ရှိပြီး အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မာလာမေ [၁၂/မဂဒ(နိုင်)၁၀၈၇၂၇] က တရားဝင်စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်စိုးရီ [၁၂/သကတ(နိုင်) ၁၂၄၂၃၄]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ငြိမ်းအောင်
LL.B, LL.M (International Law), WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)
အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊
သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ကယားပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှ အောက်ပါ စက်ကိရိယာပစ္စည်းများအား ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	Lot	လုပ်ငန်းအမည်
(က)	Lot (1)	ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ (Explosives & Drug Detector) ဝယ်ယူခြင်းလုပ်ငန်း

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် - (၂၃-၄-၂၀၂၃)ရက်မှ (၇-၅-၂၀၂၃)ရက်ထိ
တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်နှင့် အချိန် - (၈- ၅-၂၀၂၃)ရက်၊ (၁၆:၀၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်နေရာတို့အား ထပ်မံကြေညာပါမည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ၀၈၃-၂၂၂၄၀၀၀၆သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ကယားပြည်နယ်အစိုးရအဖွဲ့ရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၄-၂၀၂၃ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၁)ပါ UAMC Real Estate Co.,Ltd ဝန်ဆောင်မှု အမှတ်တံဆိပ်ကြော်ငြာအား

UAMC

ဟုပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဗိုလ်တထောင်မြို့နယ်၊ အထက(၅)၊ Grade-2 မှ ဒေါ်ထက်ထက်နိုင်[၁၃/တကန(နိုင်)၂၁၂၉၄၂]၏ သား မောင်ကောင်းခန့်စည်သူကျော်အား ယနေ့မှစ၍ မောင်ဇော်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

ပူနွေး ကမ္ဘာ တားဆီးရာ ဖြေရှာ တစ်ခု တောပြုစု

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သုမန (၁) လမ်း၊ အမှတ် (၃၄၉/က) ဟုခေါ်တွင်သည့် (၆)ထပ်တိုက် အဆောက်အဦရှိ ပထမထပ်၊ အကျယ်အဝန်း (၁၈ ပေ x ၅၁ ပေ) ခန့်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးငွေစိုး [၁၂/တမန(နိုင်)၀၅၇၇၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည် ဆိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)
တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်- (၃၅)၊ မြေညီထပ်(B)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ခန့်ရှိ ထပ်ခိုးအပါအဝင် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ယခုလက်ရှိပိုင်ရှင် ဒေါ်ခင်မြစိန် [၁၂/သဃက(နိုင်)၀၁၁၁၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နီဝင်း [၆/မမန(နိုင်)၁၄၀၁၁၇]သည် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီးဖြစ်သောကြောင့် ယင်းတိုက်ခန်းနှင့် ပတ်သက်၍ မည်သူမဆို ဆိုင်ရေးပိုင်ခွင့်ရှိသည်ဟုယူဆပါက စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့ကြေညာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နွယ်နီဝင်း
[၆/မမန (နိုင်) ၁၄၀၁၁၇]
ဖုန်း-09-759418194

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နွဲ့ရီ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၅)
တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-09-893566370, 09-405064379

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေအင်းဝလမ်းရှိ အမှတ် (၄၃၀) ဟုခေါ်တွင်သော (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အနက်မှ မခွဲစိတ်ရသေးသည့် (ခေါင်းရင်းခြမ်း) (အလျား ၂၀ပေxအနံ ၆၀ ပေ) ရှိ ဒေါ်တင်တင် အမည်ပေါက် ပါမစ်မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အိခိုင်ဝင်း [၇/မလန(နိုင်)၀၇၆၀၀၀]ကိုင်ဆောင်သူမှ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အဆိုပါ မြေနှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင့်နိုင်ထွေး [၅/တဆန(နိုင်)၁၈၄၀၈၅] ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ဒေါ်အိခိုင်ဝင်းထံသို့ ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားမှုအရ -

ဦးချမ်းငြိမ်းဇေယျာလင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၃၅၈)
Ph:09-454343908

ဒေါ်လင်းအိခိုင်ဇင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၅၄)
Ph:09-421153723

အမှတ် (ခ/၈၅၇)၊ (၂)လမ်း၊ အပိုင်း (၅)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ငုဝါလမ်း၊ (စီ)ဘလောက်၊ တိုက်အမှတ်(၃၀)၊ အခန်း(၁၀၂)၊ (ပ-ထပ်) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်ဥမ္မာထွေး [၇/သဝတ(နိုင်)၀၇၇၂၃၄]မှ မိမိတရားဝင် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အဆိုပါ တိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန် သဘောတူညီသည့်အလျောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ (လူကိုယ်တိုင်) လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးခင်မောင်ဦး (B.A, RL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၂၉)
အမှတ်(၂၂၄)၊ (၄)လွှာ၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉ -၄၄၃၀၀၁၁၄၂၊ ၀၉-၆၉၃၆၂၁၁၅၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရန်အတွက် စာမူများတောင်းခံလွှာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ လာမည့် ဒီဇင်ဘာလတွင် တက္ကသိုလ်ဖွင့်လှစ်ခြင်း ငွေရတုအထိမ်းအမှတ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

၂။ တက္ကသိုလ်ဖွင့်လှစ်ခြင်း ငွေရတုအထိမ်းအမှတ် ငွေရတုမဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ပါသဖြင့် မြန်မာ၊ ပါဠိ၊ အင်္ဂလိပ် မိမိနှစ်သက်ရာဘာသာဖြင့် ကဗျာ၊ အတ္တုပ္ပတ္တိ ဆောင်းပါး၊ ဝတ္ထုတိုတို့ကို အောက်ဖော်ပြပါ အချက်အလက်များပါဝင်စေလျက် ရေးသားပေးပို့နိုင်ပါရန် စာမူများ တောင်းခံအပ်ပါသည်-

(က) တက္ကသိုလ်ငွေရတုဆိုင်ရာအကြောင်းအရာ (ခ) တက္ကသိုလ်ပညာရေးဆိုင်ရာအကြောင်းအရာ
(ဂ) သာသနာရေးဆိုင်ရာအကြောင်းအရာ (ဃ) ဗုဒ္ဓဘာသာဆိုင်ရာသုတေသနအကြောင်းအရာ

၃။ မြန်မာ၊ ပါဠိဘာသာအတွက် Pyidaungsu Font, Size 14 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Times New Roman Font, Size 12 ဖြင့်လည်းကောင်း ရေးသားပေးပို့ရပါမည်။

၄။ ကဗျာအတွက် စာမျက်နှာ ၁ မျက်နှာမှ ၂ မျက်နှာအတွင်း၊ အတ္တုပ္ပတ္တိ၊ ဆောင်းပါးနှင့် ဝတ္ထုတိုများအတွက် ၃ မျက်နှာမှ ၅ မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။

၅။ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ဖြစ်ပြီး Viber+959421083479 နှင့် Email venissariya. itbmu.108@gmail.com သို့ ပေးပို့ရမည်ဖြစ်ပါသည်။

ငွေရတုမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (တင်ဒါပိတ်ရက်ပြောင်းလဲသတ်မှတ်ခြင်း)

၁။ သာကေတမြို့နယ်တွင် AMI စနစ် အကောင် အထည်ဖော်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက်အိမ်သုံးမီတာ၊ပါဝါမီတာနှင့်မီတာဆက်စပ်ပစ္စည်းများဝယ်ယူရန် တင်ဒါ အမှတ်-1(T)/ တိုင်းဒေသကြီး/ 2023-2024 ဖြင့် တင်ဒါခေါ်ယူခဲ့ရာ အဆိုပါ တင်ဒါပိတ်မည့်ရက်အားအောက်ပါအတိုင်းပြောင်းလဲသတ်မှတ်မည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်-

မူလတင်ဒါပိတ်မည့် ရက်/အချိန် - ၂၄.၄.၂၀၂၃ နေ့လယ် (၁၄:၀၀)နာရီ
ပြောင်းလဲသတ်မှတ်သည့် တင်ဒါပိတ်မည့် ရက်/အချိန် - ၂.၅.၂၀၂၃ နေ့လယ် (၁၄:၀၀)နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။၀၁-၂၂၀၈၀၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (တင်ဒါပိတ်ရက်ပြောင်းလဲသတ်မှတ်ခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အိမ်သုံးမီတာ၊ ပါဝါမီတာ နှင့် မီတာဆက်စပ်ပစ္စည်းများ ဝယ်ယူရန် တင်ဒါအမှတ်-1(T)/YESC/2023-2024 ဖြင့် တင်ဒါခေါ်ယူခဲ့ရာ အဆိုပါ တင်ဒါပိတ်မည့်ရက်အား အောက်ပါအတိုင်း ပြောင်းလဲ သတ်မှတ်မည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်-

မူလတင်ဒါပိတ်မည့် ရက်/အချိန် - ၂၄.၄.၂၀၂၃ နေ့လယ် (၁၄:၀၀)နာရီ
ပြောင်းလဲသတ်မှတ်သည့် တင်ဒါပိတ်မည့် ရက်/အချိန် - ၂.၅.၂၀၂၃ နေ့လယ် (၁၄:၀၀)နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။၀၁-၂၂၀၈၀၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်- ၁၇၂/A ဟုခေါ်တွင်သော အိမ်မြေ အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ၊ လူနေရပ်ကွက်အမှတ်-ဘုရားအနီး၊ မြေကွက်အမှတ်-၁၇၂/A၊ ဧရိယာ (၀.၁၃၇) ဧကအကျယ်ရှိ နှစ် (၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဦးမောင်ထိ [၁၁/ဘသတ(နိုင်)၀၀၀၂၃၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်စောဦး တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၇၀၂)
တိုက်အမှတ်-၂၁၄၊ Min Ye Kyaw Swar Residence,
အခန်း- ၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စုရှိ အထူးဇုန် (၂)၊ မြေကွက်အမှတ်-၃၈၁၊ ၃၈၂ ဟုခေါ်တွင်သော မြေဧရိယာ (၁၀) ဧက၊ (၂) ယူနစ်ကို ဒေါ်အေးကြည်အမည်ပေါက် တရားဝင်ပိုင်ဆိုင်လျက်ရှိသော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်အေးကြည် [၁၂/လမတ(နိုင်)၀၁၂၂၉၇] နှင့် ၎င်း၏သားဖြစ်သူ ဦးဝင်းထွန်းလင်း [၁၂/လမတ(နိုင်)၀၂၅၅၂၂] တို့မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမင်းထွန်း [၁၂/အစန(နိုင်)၁၈၃၁၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)
ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၀)
ဦးမျိုးသီဟ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၁၂၇)

တိုက်အမှတ် (၂၅၀)၊ (၄) လွှာ (ဘယ်)၊ ဘုရင့်နောင်လမ်း၊ (ဈ/၁၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၇၂၉၁၇၇၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လွိုင်ကော်ခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Lot(1) လွိုင်ကော်မြို့နယ် ဒေါဆော်လိရေတင် ပင်မမြောင်း လိုင်နင်စီခြင်း(၃၅၅ ပေ)လုပ်ငန်းနှင့် Lot(2) လွိုင်ကော်မြို့ မိုင်းလုံး 1 MVA ထရန်စဖော်မာနှင့် VCB (1)စုံ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၄-၄-၂၀၂၃ရက်

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - ၂၄-၄-၂၀၂၃ ရက်မှစ၍ (ရုံးချိန်အတွင်း) ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လွိုင်ကော်ခရိုင်၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ လွိုင်ကော်မြို့

၄။ တင်ဒါပုံစံပိတ်မည့်ရက်စွဲ/အချိန် - ၇-၅-၂၀၂၃ ရက် (၁၂:၀၀ နာရီ)

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လွိုင်ကော်ခရိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၉-၅၆၀၀၉၄၉၊ ၀၉-၄၂၈၀၀၃၁၀၅ သို့ ရုံးချိန်အတွင်း လာရောက် စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

ဇနီးအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်တော် ဦးသန်းထိုက် မှတ်ပုံတင်အမှတ်[၁၂/ကခက(နိုင်)၀၇၃၅၆၀]၏ ဇနီးဖြစ်သူ ဒေါ်ရီရီအောင် မှတ်ပုံတင်အမှတ်[၁၂/ကခက(နိုင်)၀၈၁၁၆၆] ကိုင်ဆောင်ထားသူသည် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ် ကျူးလွန်၍ ၈-၄-၂၀၂၃ ရက်တွင် မိမိသဘောဖြင့် နေအိမ်မှ ထွက်သွားပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်းနှင့် ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းထိုက်

"ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး"

ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားနှင့် ရေစက်သွန်းချလှူဒါန်းပွဲ အမှတ် (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အလှူ့ရှင်၊ အလှူ့အမများနှင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအား ဖိတ်ကြားအပ်ပါသည်။ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသည် ၂၉-၄-၂၀၂၃ ရက်(စနေနေ့)နံနက် (၆)နာရီတိတိတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော်(၅၄)ပါးတို့အား လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီး.......

ရေစက်ချအနုမောဒနာတရား နာကြားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အလှူရှင် အပေါင်းတို့အား သိစေအပ်ပါသည်။ ရပ်ဝေးရပ်နီး အလှူရှင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ၄င်းနေ့နံနက် (၆)နာရီတိတိ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချအမျှဝေခြင်းကို အာရုံပြုသာဓုခေါ်နိုင်ရန် အသိပေး အကြောင်းကြားရင်း ....

ရောက်ရှိလာသော အလှူရှင်များကိုလည်း အလှူရှင်မှ မုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည် ခင်ဗျာ......

ရွှေသက်န်းကပ်လှူရေး
ဗဟိုဦးစီးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ်(၂၇၀-က/ခ)၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၇၀-က/ခ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ(၅)ထပ်တိုက်ရှိ တိုက်ခန်း(၁၅)ခန်းပါရှိသော အဆောက်အဦမှတိုက်ခန်းအမှတ်-C-တတိယ ထပ် (၄)လွှာ၊ အကျယ်အဝန်း (၁၅ပေ x ၅၀ ပေ)ရှိသည့် တိုက်ခန်း အပါအဝင် ၎င်းတိုက်ခန်းနှင့် ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းတို့ကို မြေပိုင်ရှင်နှင့် တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးတင်စိုး[၁၂/သဃက(နိုင်)၁၄၁၂၄၀]မှ မိမိသာတရားဝင်ပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆိုပါ တိုက်ခန်းကို အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကြိုင် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၇၄၉)
တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်အိမ်ရာ၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၄၁၆၈၈၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးသူရ[၁၂/မဂတ(နိုင်)၀၄၅၄၈၇] ၏ 4 Ticket, Watching Keeping, E.D.H လက်မှတ်များ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

ဖုန်း-၀၉-၇၈၆၉၅၆၆၁၂

ပျောက်ဆုံးကြောင်း

မနီလာထွန်း[၁၃/ညရန(နိုင်)၀၉၅၇၅၅]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-889614100

ဒဂုံတောင်(၂၀)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၅၀၀/ခ)မြေနှင့်အိမ်ဝယ်မည်၊ ကန့်ကွက်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၀)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၅၀၀/ခ)၊ မြေအကျယ် [illegible] ... ကျွန်ုပ်တို့ထံသို့လာရောက်၍ [illegible] ... ကန့်ကွက်နိုင်သည်။ ... ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

[illegible]
LLB.,DML (စဉ်-[illegible])
LLB.,DIL (စဉ်-[illegible])
09 251015089,09 780555924

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ ရတနာရိပ်ငြိမ်လမ်း၊ မြေကွက်အမှတ်(၁၈၂၃)၊ အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေ၏ ခြေရင်းခြမ်း အလျား(၂၀)ပေ)xအနံ(၆၀)ပေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက် ဦးလှမြင့် [၁၂/သဃက(နိုင်)၀၉၈၁၂၁]ထံမှ ဆက်စပ်စာချုပ်များဖြင့် ဦးတင့်လွင်ဦး[၁၂/ဒဂမ(နိုင်)၀၃၅၅၈၅]က ဝယ်ယူပိုင်ဆိုင်ပြီး အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးသန့်လွင်ထူး [၁၂/ဒဂတ(နိုင်)၀၂၉၁၂၇]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၁-၄-၂၀၂၃)ရက်တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါမွန် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၉၂၂)
အမှတ်(၁၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Ph:09-263630989, 09-785474591

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
ဗိုလ်တထောင်ခရိုင်တရားရုံး
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉

ဒေါ်နွယ်နွယ်ဦး နှင့် ၁။ ဒေါ်နန်းဖောင်းလုံ(ခ) ဒေါ်နန်းဖောင်လုံ
၂။ ဦးဟန်စိန်

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၄)ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်း၊ အမှတ်-၁၆၇၁/ကနေ (၁)တရားပြိုင် ဒေါ်နန်းဖောင်းလုံ(ခ) ဒေါ်နန်းဖောင်လုံနှင့် (၂)တရားပြိုင် ဦးဟန်စိန် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မြ)
ခရိုင်တရားသူကြီး
ဗိုလ်တထောင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ်(၆)၊ နှစ်ခန်းတွဲ၊ (၇)လွှာတိုက်၏ မြေညီထပ်(မျက်နှာမူလျှင်/ယာ) အတိုင်းအတာ ပေ(၂၅x ၇၈)ရှိ ကိုယ်ပိုင်လျှပ်စစ်မီတာ/ရေမီတာ သွယ်တန်းတပ်ဆင်မှုအပြည့်အစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်အကျိုးခံစားပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အတိအလင်းဝန်ခံပြောဆိုသူ ဦးအောင်သူရစိုး[၆/မအရ(နိုင်)၁၀၀၅၂၅]က ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ တစ်နည်းနည်းလွှဲပြောင်းထားခြင်းများမှ ကင်းကြောင်း တင်ပြလျက် ကာလတန်ဖိုးအတိုင်း အပြီးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းအဆိုပြုသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ယုံကြည်သဖြင့် ဝယ်ယူရန် လက်ခံသဘောတူပြီး ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေကတိစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ မိမိတို့တွင် ဥပဒေနှင့်ညီသော အခွင့်အရေးတစ်စုံတစ်ရာရှိကြောင်းဖြင့် ကန့်ကွက်အရေးဆိုလိုသူရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာလုံလောက်သော အထောက်အထားမူရင်းများနှင့်တကွ တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)
B.A(Law), LL.B, D.B.L, D.M.L
Ph: 09-5108521

ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)
LL.B, D.B.L, D.M.L, D.I.L
Ph: 09-5015316

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၆၂၊ ပထပ်၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)
မင်္ဂလာဒုံခရိုင်တရားရုံး
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၆

ဒေါ်နှင်းအေးခိုင် နှင့် ဦးစိန်အောင်

(တရားလို) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၆၃/က) နေ တရားပြိုင် ဦးစိန်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းအေးခိုင်က "သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ - ၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု" ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ် ရုံးအခွင့်ရအမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ မေလ(၈) ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေရာတွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄) ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဧပြီ(၁၉) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးသိန်း)
ဒုတိယခရိုင်တရားသူကြီး
မင်္ဂလာဒုံခရိုင်တရားရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့မှ ထုတ်လုပ်သော ဆေးဝါးများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး၊ အလုပ်သမားဝန်ကြီးဌာန(လူမှုဖူလုံရေးအဖွဲ့)တို့သို့ Door to Door စနစ်ဖြင့် ပေးပို့ရန်အတွက် ကုန်တင်ယာဉ်(၁၂)ဘီးယာဉ်၊ (၆)ဘီးယာဉ်များ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၁-၄-၂၀၂၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၅-၂၀၂၃ ရက်၊ (၁၆:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၀၈၃၇၇၊ ၀၆၇-၃၄၀၈၃၈၁
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မြန်မာ့ဆေးဝါးလုပ်ငန်း

"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၄၊ မြေကွက်အမှတ်-၅၈၄/က၊ မြေကွက်တည်နေရာအမှတ်-၅၈၄/က၊ စိတ္တသုခလမ်း၊ ၁၆/၄ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးကျော်ဆင့်[၁၂/သဃက(နိုင်)၀၂၅၀၈၈]၊ မခင်အေးချို(တီဂျီကေအန်- ၀၀၃၆၃၇)၊ မအေးအေး[၁၂/သဃက(နိုင်)၀၂၆၀၃၈] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ဆင့်၊ မခင်အေးချို၊ မအေးအေးတို့ထံမှ အရောင်းအဝယ်စာချုပ်-၂၄၀၂/၁၉၉၆(၄-၉-၁၉၉၆)ဖြင့် ဦးလွှေယုံချန်၊ ဒေါ်ဟွတ်တီတို့မှ ဝယ်ယူခဲ့ပြီး ၎င်းတို့ဝယ်ယူသူ(၂)ဦးအနက် ဦးလွှေယုံချန်(ခင်ပွန်း) [၁၀/မလမ(နိုင်)၁၁၄၉၂၄]သည် (၄-၈-၁၉၉၇)ရက်တွင် (ကွယ်လွန်သဖြင့်) ဒေါ်တင်တင်သန်း [၁၀/မလမ(နိုင်)၁၁၄၂၄၅]က တရားဝင် အမွေဆက်ခံခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၄၅၇/၂၀၂၂/၂၅-၁၁-၂၀၂၂)၊ လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ သေဆုံးကြောင်း ထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ အမွေပြင်စာချုပ်-၁၄၉၁/၂၀၂၃ (၁၃-၂- ၂၀၂၃)မူရင်း၊ အရောင်းအဝယ်စာချုပ်-၂၄၀၂/၁၉၉၆(၄-၉-၁၉၉၆) မူရင်းတို့တင်ပြ၍ ဝယ်ယူရရှိသူကျန်တစ်ဦးဖြစ်သူ ဒေါ်ဟွတ်တီ [၁၃/လရန(နိုင်)၀၉၁၉၁၁]နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၅၇၂)၊ မြေကွက်အမှတ်(၅၇၃)၊ အကျယ်(၄၀x၆၀) စတုရန်းပေတို့ရှိ ဦးအိုက်ဆန်း အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန် မြေ(၂)ကွက်နှင့် ယင်းမြေကွက်တို့နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအိုက်ဆန်း [၁၃/တကန(နိုင်)၁၄၄၅၇၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

"ဝယ်သူ၏လွှဲအပ်ချက်အရ"

ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅)
LL.B., WIPO (Switzerland)

ဦးကျော်စွာမြင့် စဉ်(၁၃၂၈၂)
LL.B., D.B.L, D.I.L

"တရားလွှတ်တော်ရှေ့နေများ"
အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
Ph: 01-385205,09-420088970,

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉ [illegible] ... ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်၊
ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)လုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှု သိပ္ပံ(အင်းစိန်)တို့တွင် ၂၁–၄–၂၀၂၃ ရက်နေ့မှ ၅–၅–၂၀၂၃ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၅–၅–၂၀၂၃ ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်–၀၆၇–၃၄၀၄၀၂၀၊ ၀၆၇–၃၄၀၄၄၈၀(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉–၇၇၆၆၈၀၂၃၈ (အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉–၈၈၇၆၄၅၅၈၀ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)၊ ၀၉–၄၀၁၀၈၄၀၉၃ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃–၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာတွင် ၃၃/၁၁ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံအသစ် တည်ဆောက်ရာတွင် ပစ္စည်းများဝယ်ယူခြင်း **Material Lot ၃ ခု** အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။
တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်	–	(၂၄–၄–၂၀၂၃) မှ (၁၆–၅–၂၀၂၃) ထိ
